# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၅ ရက် | ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်၊ စနေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၂၅)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၂၄**

၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလားနှင့် ဆင့်ပွားဖလား ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ် စ ရာ**

မြန်မာ့လွှတ်တော်များ၏ ပထမဆုံး ချစ်ကြည်ရေးခရီးစဉ်နှင့် ရုရှားဇာဘုရင်တို့၏ ဌာနေသို့ တစ်ခေါက် — ဆောင်းပါး — စာ ၆

တစ်ခေါက်တစ်ခါ လှမ်းလာခဲ့ပါ ဖိတ်ခေါ် တောင်ကြီးတန်ဆောင်တိုင်နှင့် မီးပုံးပျံပြိုင်ပွဲတော် — ဆောင်းပါး — စာ ၁၀

ဖို့ဒ်ကားကုမ္ပဏီ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ ဘီလီယံ ဝင်ငွေစံချိန်တင် ရရှိ



နိုင်ငံတကာသတင်း — စာ ၁၄

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တက်ရောက်လာကြသူများ ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြစဉ်။



❖ *ရွှေဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော်ဘောလုံး အကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

**ယှဉ်ပြိုင်ကစား**

ဦးစွာ ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် ဦးဆောင်ဂိုးရရှိနိုင်ရေး အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်ခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန် ပထမပိုင်းပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာ ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပွဲကစားချိန်၌ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် အကြိတ်အနယ် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲကစားချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့သဖြင့် အချိန်ပိုပွဲကစားချိန်ကို ဆက်လက်ကစားခဲ့ကြရာ အချိန်ပိုပွဲကစားချိန်ပထမပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းက အဖိုးတန်အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့သဖြင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းက ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမှုအပြီးတွင် ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းက ပွဲစဉ်တစ်လျှောက် တစ်ဦးချင်းနေရာအလိုက် အကောင်းဆုံးကစားသမားဆုရရှိသူများနှင့် အကောင်းဆုံးအားကစားသမားဆုရရှိသူများကိုလည်းကောင်း၊ တပ်မတော်အားကစားနှင့် ကာယပညာအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က တတိယဆုရရှိသည့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်က ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းကိုလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)စခန်းမှူးရုံးကိုယ်စားပြုအသင်းမှ အားကစားသမားများအား တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အသန့်ရှင်းဆုံးဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းအား ဆုဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ရာ အသင်းအုပ်ချုပ်သူအရာရှိနှင့် အားကစားသမားများက လက်ခံရယူသည်။

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အားကစားသမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



### ပေးအပ်ချီးမြှင့်

**ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အသန့်ရှင်းဆုံးဆုရရှိသည့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းအား ဆုဖလားနှင့်ငွေသားဆု ပေးအပ်ချီးမြှင့်စဉ်။**



၂၀၂၅ ခုနှစ် (၆၂) ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို လာရောက်ကြည့်ရှုအားပေးကြသည့် ပရိသတ်များအား တွေ့ရစဉ်။



၂၀၂၅ ခုနှစ် (၆၂)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုဆွတ်ခူးရရှိသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စခန်းမှူးရုံးကိုယ်စားပြုအသင်း တံခွန်စိုက်ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ တက်ရောက် National Energy Administration(NEA)၏ အကြီးအကဲဖြစ်သူနှင့် တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၂၄**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုအဖွဲ့ National Energy Administration(NEA) က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် စွမ်းအင်အသွင်ကူးပြောင်းရေး အပြည်ပြည်ဆိုင်ရာဖိုရမ်သို့ နိုင်ငံတကာမှ စွမ်းအင်ဝန်ကြီးများ၊ စွမ်းအင်ကဏ္ဍဆိုင်ရာအကြီးအကဲများနှင့်အတူ တက်ရောက်ပြီး ပြခန်းများ လှည့်လည်ကြည့်ရှုသည်။

ဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးက Key Note Speaker အနေဖြင့် "စွမ်းအင်ဖူလုံရေး၊ စွမ်းအင်လုံခြုံရေးနှင့် စွမ်းအင်အသွင်ကူးပြောင်းရေးတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်နေမှု" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အခြေအနေ၊ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍအခြေအနေတို့နှင့်ဆက်စပ်ပြီး စွမ်းအင်အသွင်ကူးပြောင်းရေး ဆောင်ရွက်ရာတွင် စွမ်းအင်ဖူလုံမှုနှင့်လုံခြုံမှုကို အလေးထား၍ ဆောင်ရွက်ရန်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ လာရောက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဖော်ဆောင်ခြင်း၊ ရှာဖွေဖိတ်ခေါ်ခြင်းနှင့် နည်းပညာပိုင်းဆိုင်ရာ အထောက်အပံ့များ ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ကမ္ဘာ့နိုင်ငံများ နည်းတူ ရာသီဥတုဆိုင်ရာ ကတိကဝတ်များ ပြည့်မီစေရေးအတွက် စွမ်းအင် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ လိုက်ပါဆောင်ရွက်ရာတွင် တွေ့ကြုံနေသည့် စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို




ထည့်သွင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုအဖွဲ့၏ အကြီးအကဲဖြစ်သူ Mr.Wang Hongzhi ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံစွမ်းအင်ဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများကို အခြေခံ၍ စွမ်းအင် အသွင်ကူးပြောင်းရေးကာလတွင် စွမ်းအင်ဖူလုံမှုနှင့် လုံခြုံမှုအတွက် နှစ်နိုင်ငံအနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လိုသည့် အခြေအနေများ၊ နှစ်နိုင်ငံ အကြီးအကဲများ သဘောတူညီထားကြပြီးဖြစ်သည့် ကဏ္ဍစုံ၊ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး၌ တစ်ခုအပါအဝင်ဖြစ်သော စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်လိုသည့်ကိစ္စရပ်များ၊ Green Energy, New Energy သို့ ကူးပြောင်းရာတွင် အဓိကကျသည့် နည်းပညာ၊ အရင်းအနှီး၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေး ကဏ္ဍသုံးရပ်တွင် တရုတ်နိုင်ငံအနေဖြင့် လိုအပ်သည့် ကူညီအားပေးမှုများ ပြုလုပ်ပေးနိုင်ရန် ကိစ္စရပ်များ၊ ၂၁ ရာစုကို သိသာစွာ ပြောင်းလဲသွားစေမည့် နည်းပညာဟုခေါ်ဆိုရမည့် AI နည်းပညာကို စွမ်းအင် အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များတွင် မလွဲမသွေ အသုံးပြုရမည်ဖြစ်ရာ အဓိကလိုအပ်သည့် လျှပ်စစ်ဓာတ်အား ပိုမိုရယူ အသုံးပြုနိုင်ရေးအတွက် တရုတ်နိုင်ငံအနေဖြင့် ကူညီဆောင်ရွက်ပေးရန် ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့ပြင် တရုတ်နိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍတွင် အရှေ့အလယ်ပိုင်းဒေသ၊ အာဖရိကဒေသတို့နှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လျက်ရှိရာ မြန်မာနိုင်ငံပထဝီအနေအထားအရ အချက်အချာကျသည့် အားသာချက်ကိုရယူ၍ ပူးပေါင်းဆောင်ရွက်သွားရန် အဆင်သင့်ရှိနေပါကြောင်း၊ နှစ်ဦးနှစ်ဖက် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂၄**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှဝန်ထမ်းများနှင့် စေတနာရှင် သွေးလှူရှင် စုစုပေါင်း ၄၃ ဦးတို့ ပါဝင်လှူဒါန်းကြသည်။

အဆိုပါ သွေးလှူဒါန်းမှုကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာကိုပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၇)ကြိမ်မြောက် စုပေါင်းသွေးလှူပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ ထားဝယ်၊ မကွေး၊ တောင်ကြီး၊ လားရှိုး၊ ကျိုင်းတုံနှင့် ပုသိမ်မြို့တို့ရှိ ဆေးရုံများနှင့် သွေးဌာနများတွင် တစ်ပြိုင်တည်း ကျင်းပရာ စုစုပေါင်း ၃၄၅ ဦး ပါဝင်လှူဒါန်းခဲ့သည်။



မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ၂၀၁၇ ခုနှစ်မှစတင်၍ စုပေါင်းသွေးလှူပွဲများ ဆောင်ရွက်ခဲ့ရာ ယခုအခါ (၁၇)ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ပြီး သွေးလှူရှင် စုစုပေါင်း တစ်သောင်းခန့် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တရုတ်နိုင်ငံ စူးကျိုးမြို့တွင် စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် -၂၀၂၅ တက်ရောက်ပြီး လေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လေ့လာ

**နေပြည်တော် အောက်တိုဘာ ၂၄**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုဌာန အကြီးအကဲ မစ္စတာ ဝမ်ဟုန်ကျင့်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ စူးကျိုးမြို့တွင် ကျင်းပသော စွမ်းအင် အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် - ၂၀၂၅ သို့ တက်ရောက်ရန်နှင့် လေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုများကို လေ့လာနိုင်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၂ ရက်မှ ၂၃ ရက်အထိ တရုတ်နိုင်ငံ နန်ကျင်းမြို့နှင့် စူးကျိုးမြို့များသို့ သွားရောက်ခဲ့သည်။




### သွားရောက်လေ့လာ

အောက်တိုဘာ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နန်ကျင်းမြို့ China Huaneng Group ၏ ကျန်းစုပြည်နယ်အတွင်း ဓာတ်အား ထုတ်လုပ်မှုနှင့် ဓာတ်အားစနစ်တည်ငြိမ်စေရေး၊ ဓာတ်အားစနစ် ထိန်းချုပ်စင်တာသို့ သွားရောက်လေ့လာရာ တာဝန်ရှိသူများက ကမ်းလွန် လေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှု၊ နေရောင်ခြည်စွမ်းအင်မှ ဓာတ်အား ထုတ်လုပ်မှုများအား ဓာတ်အားစနစ် တည်ငြိမ်မှုကို ထိခိုက်မှုမရှိစေရေး ပေါင်းစပ် ထိန်းချုပ်ဆောင်ရွက်မှု အခြေအနေများ၊ စက်ရုံများ ထိန်းသိမ်းလည်ပတ် မောင်းနှင်မှုကို ဓာတ်အားစနစ်ထိန်းချုပ်စင်တာမှ ထိန်းချုပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် Jingyu Deep-green Energy Co.,Ltd. မှ ဆောင်ရွက်လျက်ရှိသည့် ဇီဝလောင်စာတောင့် စက်ရုံသို့ ဝင်ရောက်လေ့လာရာ တာဝန်ရှိသူများက ကိုင်းဖျားကိုင်းနား၊ ဝါး၊ ဆီအုန်းခွံ၊ ပြောင်းဖူးရိုး၊ အုန်းခွံ စသော စွန့်ပစ်ဇီဝပစ္စည်းများကို စက်မှုလုပ်ငန်းများတွင် ပြန်လည်အသုံးပြုနိုင်သော ဇီဝကာဗွန်များ၊ သစ်သားလောင်စာတောင့်များ ထုတ်လုပ်မှုအဆင့်ဆင့်အလိုက် စက်ရုံအတွင်း ရှင်းလင်းပြသပြီး ကုန်ကြမ်း စုဆောင်းရရှိမှုများ၊ နိုင်ငံတော်မှ အားပေး ထောက်ခံမှုများ၊ ဈေးကွက်ရှာဖွေရရှိမှု အခြေအနေများ၊ သယ်ယူပို့ဆောင်ရေး အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဖိုရမ်ကျင်းပရေးအဖွဲ့၏ စီစဉ်ပေးမှုဖြင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်တွင် စူးကျိုးမြို့ Xiangcheng EDZ Energy Center သို့သွားရောက်၍ Energy Center တွင် လျှပ်စစ်စွမ်းအင်စီမံခန့်ခွဲမှုများ၊ အဆောက်အအုံများတွင် Dual Thermal Storage နှင့် Multi-energy Complem-entarity ဆောင်ရွက်ထားရှိမှုများ၊ AI-Enabled Smart Energy Technology ၊ Energy Saving and Carbon Reduction၊ AI base Control System တို့ကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို လေ့လာခဲ့သည်။

အောက်တိုဘာ ၂၃ ရက်တွင် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနနှင့် International Renewable Energy Agency (IERNA) တို့က ကြီးမှူးကျင်းပသည့် စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် ၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ တက်ရောက်ကြသည်။ ဖိုရမ်ခွဲတွင် တရုတ်အမျိုးသားစွမ်းအင် စီမံခန့်ခွဲမှုဌာနမှ မစ္စတာ ဟွမ်ရွှေနန်၊ တရုတ်နိုင်ငံတောင်ပိုင်း လျှပ်စစ်ဓာတ်အားကွန်ရက်မှ မစ္စတာဝူရှောက်ချန်တို့ တက်ရောက်ပြီး ကြိုဆိုနှုတ်ဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင် ပေါကြွယ်ဝသဖြင့် နေစွမ်းအင်၊ လေစွမ်းအင်နှင့် ရေအားလျှပ်စစ်ကို ပိုမိုအသုံးပြုနိုင်ရန် အင်တိုက်အားတိုက် ကြိုးစားလျက်ရှိပါကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်၊ သန့်ရှင်းသည့် လောင်စာများနှင့် နျူကလီးယား စွမ်းအင်တို့က စွမ်းအင်စနစ် တည်ငြိမ်မှုအတွက် အခြေခံအချက်အဖြစ် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ပြန်ပြည့်မြဲစွမ်းအင် စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက်ဆောင်ရွက်ခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းသည် ဤကြီးမားသော စွမ်းအင်အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ စိတ်ကူးများ၊ နည်းပညာများနှင့် အတွေ့အကြုံများကို မျှဝေခြင်းဖြင့် ရည်မှန်းချက်များကို ပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း ပြောကြားသည်။

စွမ်းအင်အသွင်ကူးပြောင်းမှု အပြည်ပြည်ဆိုင်ရာဖိုရမ် ၂၀၂၅ ၏ ဖိုရမ်ခွဲ Large Power Grid Security Risk Prevention and Control Technical သို့ဓာတ်အားစနစ် ထိန်းချုပ်မောင်းနှင်မှုဆိုင်ရာ တာဝန်ရှိအဖွဲ့အစည်းများ၊ တက္ကသိုလ်၊ ကောလိပ်များမှ သုတေသနဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ လျှပ်စစ်ဆိုင်ရာမူဝါဒချမှတ်သူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်ကော်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ် အဝေးသင်စာမေးပွဲ အေးချမ်းစွာဖြေဆို

**လှိုင်ကော် အောက်တိုဘာ ၂၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းများ၏ စာမေးပွဲကို နိုင်ငံတစ်ဝန်း၌ ယနေ့နံနက်ပိုင်းတွင် စတင်ဖြေဆိုလျက်ရှိရာ လှိုင်ကော်တက္ကသိုလ်တွင် ကျောင်းသား ကျောင်းသူများက ဝိဇ္ဇာအထူးပြု ဘာသာရပ်များဖြစ်သည့် အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာနှင့် ဥပဒေဘာသာရပ်များကို အေးချမ်းစွာ ဝင်ရောက်ဖြေဆိုလျက်ရှိသည်။

### ၃၉၄ ဦး ဖြေဆို

လှိုင်ကော် တက္ကသိုလ်ကို အောက်တိုဘာ ၁၃ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ဒုတိယအသုတ် အနီးကပ်သင်တန်းကာလကို အောက်တိုဘာ ၁၃ ရက်မှ ၂၂ ရက်အထိ သင်ကြားပို့ချပြီး စာမေးပွဲကို အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူ ၃၉၄ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# သာစည်မြို့နယ်၌ အွန်လိုင်းစနစ်ဖြင့် လျှပ်စစ်ဓာတ်အားခပေးဆောင်ပုံ ရှင်းလင်း

**သာစည် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်အားခများကို လွယ်ကူလျင်မြန်စွာ ပေးဆောင်နိုင်ရေးအတွက် Online Billing ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်ကို ယမန်နေ့က မြို့နယ်လျှပ်စစ်မန်နေဂျာရုံး၌ ကျင်းပရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးမြင့်မော်တို့က လျှပ်စစ်ဓာတ်အားသုံးစွဲသူများအား Online စနစ်ဖြင့် ပေးဆောင်ပုံများကို ရှင်းလင်းပြောကြားပြီး ကမ္ဘောဇဘဏ်မှ ဝန်ထမ်းများနှင့် သာစည်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားခ လာရောက်ပေးဆောင်သည့် ဓာတ်အားသုံးစွဲသူများ အား Kpay ဖြင့် လျှပ်စစ်ဓာတ်အားခ ပေးဆောင်ပုံအဆင့်ဆင့်ကို လက်တွေ့ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြန်မာ့လွှတ်တော်များ၏ ပထမဆုံးချစ်ကြည်ရေးခရီးစဉ်နှင့် ရုရှားဇာဘုရင်တို့၏ဌာနေသို့ တစ်ခေါက်

မြန်မာကိုယ်စားလှယ်အဖွဲ့များ၏ ရုရှားနိုင်ငံချစ်ကြည်ရေးခရီးစဉ်သတင်းများ၊ ရုရှားနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ၏ မြန်မာနိုင်ငံချစ်ကြည်ရေးခရီးစဉ်သတင်းများကို ရုပ်မြင်သံကြားတွင် ကြည့်ရှုရ၊ နိုင်ငံပိုင်သတင်းစာများတွင် ဖတ်ရှုရရာမှ အားရကျေနပ်ဝမ်းမြောက်မိသည့် အားလျော်စွာ ၂၀၁၁ ခုနှစ်က စာရေးသူတို့ ရုရှားနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်ကို ပြန်လည်သတိရ လွမ်းဆွတ်မိသွားပါသည်။

မောင်သံငြိမ်း

> ❖ စိန့်ပီတာစဘတ်မြို့သည် ၁၇ ရာစုနှစ်ဝန်းကျင်က ရုရှားနိုင်ငံ ဇာဘုရင်မင်းဆက်က အင်ပါယာနိုင်ငံအဖြစ် ဘုန်းမီးနေလတောက်ပစဉ် တည်ထောင်ခဲ့သော ဇာဘုရင်များနန်းစိုက်ရာမြို့တော်ဖြစ်
>
> ❖ ဒေသန္တရဗဟုသုတရရှိစေမည့် ပြတိုက်များ၊ နန်းတော်အဆောက်အအုံများ၊ သမိုင်းဝင်နေရာများကို လေ့လာခွင့်ရရှိခဲ့ပါသည်။ လှပသောပန်းခြံများ၊ ရေပန်းများ ထိန်းသိမ်းထားရှိမှုနှင့် ပြသထားသည့် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိမှုမှာလည်း အတုယူဖွယ်ဖြစ်

မြန်မာ့လွှတ်တော်များ၏ ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်ကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ မြို့တော်မော်စကိုတွင်စတင်ပြီး မော်စကိုပြီးနောက် ဒုတိယအကြီးဆုံး စိန့်ပီတာစဘတ်မြို့သို့ ရောက်ရှိခဲ့ပါသည်။ စိန့်ပီတာစဘတ်မြို့သည် ရုရှားနိုင်ငံ မြောက်ပိုင်း ပင်လယ်ကမ်းခြေအနီး၌ တည်ရှိပြီး အလှပဆုံးမြို့ဟု ဆိုနိုင်ပါသည်။ ရုရှားဇာဘုရင်တို့၏ ဌာနေအဖြစ် သမိုင်းအစဉ်အလာကြီးမားသော မြို့ကြီးတစ်မြို့ဖြစ်ပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် လွှတ်တော်များပေါ်ပေါက်ခဲ့ရာ ကမ္ဘာ့နိုင်ငံများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြပြီး မိတ်ဆွေနိုင်ငံများက ၎င်းတို့၏ လွှတ်တော်များသို့ လာရောက်လေ့လာရန် ဖိတ်ကြားခဲ့ကြရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော် (ဒူးမား - Duma)၏ ဖိတ်ကြားချက်မှာ ပထမဆုံးဖိတ်ကြားချက် ဖြစ်ပါသည်။

## ခရီးစဉ်ရည်ရွယ်ချက်

မြန်မာနိုင်ငံအနေဖြင့် ရှိရင်းစွဲ နှစ်နိုင်ငံ ချစ်ကြည်ရေးကို ပိုမိုတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့၏ ပထမဆုံး ပြည်ပချစ်ကြည်ရေးခရီးစဉ်အဖြစ် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ခရီးစဉ်၏ အဓိကရည်ရွယ်ချက်မှာ ရုရှား(ဒူးမား)အောက်လွှတ်တော်၊ ရုရှားအထက်လွှတ်တော် (ဖက်ဒရေးရှင်းကောင်စီ)နှင့် စိန့်ပီတာစဘတ်လွှတ်တော်အပါအဝင် လွှတ်တော်များဖွဲ့စည်းမှု၊ တာဝန်၊ လုပ်ပိုင်ခွင့်များ၊ အခွင့်အရေးများလေ့လာရန်နှင့် ရုရှားကုန်သည်ကြီးများအသင်း (Chamber of commerce ) အပါအဝင် စီးပွားရေးလုပ်ငန်းရှင်အချို့နှင့်တွေ့ဆုံဆွေးနွေးပြီး နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးရန်ဖြစ်ပါသည်။

၂၀၁၁ ခုနှစ် ဇန်နဝါရီလတွင် ပထမအကြိမ်လွှတ်တော် ပထမအစည်းအဝေးများကျင်းပပြီး ရွေးချယ်တင်မြှောက်တာဝန်ပေးအပ်ခြင်း၊ ဖွဲ့စည်းခြင်းကိစ္စများကို ဆောင်ရွက်ခဲ့ပါသည်။ ပထမအစည်းအဝေးကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှ မတ်လကုန်အထိ ကျင်းပသဖြင့် ပထမဆုံး ဖိတ်ကြားသည့် ရုရှားဖက်ဒရေးရှင်း အောက်လွှတ်တော် (ဒူးမားလွှတ်တော်)၏ ချစ်ကြည်ရေးခရီးစဉ်ကို လတ်တလော မသွားနိုင်သေးဘဲ ပထမအကြိမ် လွှတ်တော်အစည်းအဝေးများအပြီး ဒုတိယအစည်းအဝေးများ မကျင်းပမီ ခေတ္တရပ်နားချိန်ကာလမှသာ သွားလာရန် စီစဉ်ခဲ့ကြပါသည်။

## ကြားဖြတ်လုပ်ငန်း

ပထမအကြိမ် လွှတ်တော်အစည်းအဝေး ကျင်းပနေချိန် ၂၀၁၁ ခုနှစ် မတ်လအတွင်းက အာဆီယံလွှတ်တော်တိုင်း မပါမဖြစ်ပါဝင်ရန် ဆုံးဖြတ်ထားသော (AIPA) ခေါ် (အာဆီယံ ပါလီမန်များဆိုင်ရာညီလာခံ)သို့ အဖွဲ့ဝင်အဖြစ် ပါဝင်ရေး အဆိုပြုရန်ကိစ္စ ပေါ်ပေါက်လာပါသည်။ ဧပြီလ ၃ ရက်နေ့တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် အကြိုအစည်းအဝေးနှင့် ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်အဖွဲ့တက်ရောက်ရန် ဖိတ်ကြားလာပါသည်။ အရေးပေါ်အစည်းအဝေးဖြစ်၍ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ စာရေးသူနှင့် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦး ပေါင်းသုံးဦးတို့ ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်ခဲ့ကြပါသည်။

AIPA အဖွဲ့ဝင်ဖြစ်ရေး အချိန်မီ အဆိုပြုနိုင်ခဲ့သဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် အဖွဲ့ဝင်အဖြစ် အခမ်းအနားဖြင့် လက်ခံခဲ့ပါသည်။

## ချစ်ကြည်ရေးခရီးစဉ် စပြီ

မြန်မာလွှတ်တော်များ၏ ပထမဆုံးပြည်ပချစ်ကြည်ရေးခရီးစဉ်ကို ၂၀၁၁ ခုနှစ် ဇွန်လ ၂၅ ရက်နေ့တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ရန်စီစဉ်ခဲ့ရာ ရုရှားနိုင်ငံ၏ ဖိတ်ကြားချက်မှာ အောက်လွှတ်တော်(ဒူးမား)ဥက္ကဋ္ဌက မြန်မာနိုင်ငံ(အောက်လွှတ်တော်) ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌထံ လိပ်မူဖိတ်ကြားခြင်းဖြစ်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်သွားရောက်ခဲ့ကြခြင်း ဖြစ်ပါသည်။

မြန်မာလွှတ်တော်များ၏ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့တွင် လွှတ်တော်နှစ်ရပ်မှ လွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးနှင့် အထောက်အကူပြု အရာထမ်း ခုနစ်ဦး ပေါင်း ၁၇ ဦးပါဝင်ပါသည်။

ခရီးစဉ်တွင် မော်စကိုမြို့သို့ ပထမသွားရောက်ပြီး အိမ်ရှင်(ဒူးမား) အောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးခြင်းမှစ၍ မော်စကိုမြို့ရှိ ရင်ပြင်နီနှင့် အခြားလေ့လာဖွယ်ရာများကို လေ့လာခဲ့ပါသည်။ မော်စကိုမြို့ခရီးစဉ်အပြီးတွင် စိန့်ပီတာစဘတ်မြို့သို့ သွားရန်ဖြစ်ပါသည်။

ပထမသုံးရက်တွင် ကျွန်တော်တို့အဖွဲ့သည် မော်စကိုမြို့၌နေထိုင်၍ အိမ်ရှင်(ဒူးမား) အောက်လွှတ်တော် အစီအစဉ်အရ ဆွေးနွေးလေ့လာခဲ့ပြီး စတုတ္ထနေ့ ၂၀၁၁ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့သို့ သွားရောက်ခဲ့ပါသည်။

## စိန့်ပီတာစဘတ်မြို့သို့ သွားရောက်လေ့လာခြင်း ပီတာသည်ဂရိတ် (၁) ကေရာဇ်ကြီး

မြန်မာ့လွှတ်တော် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့သို့ လေကြောင်းခရီးဖြင့် သွားရောက်ခဲ့ပါသည်။ စိန့်ပီတာစဘတ်မြို့သည် ၁၇ ရာစုနှစ်ဝန်းကျင်၌ ရုရှားနိုင်ငံ ဇာဘုရင်မင်းဆက်က အင်ပါယာနိုင်ငံအဖြစ် ဘုန်းမီးနေလ တောက်ပစဉ် တည်ထောင်ခဲ့သော ဇာဘုရင်များနန်းစိုက်ရာမြို့တော် ဖြစ်ပါသည်။

သမိုင်းကြောင်းအရ ပထမမြောက် ပီတာဘုရင် (ပီတာသည်ဂရိတ်) (Peter the Great) ဘုရင်ကြီးက ၁၇၁၂ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး သက်တမ်းနှစ်ပေါင်း ၂၀၀ ကျော် မင်းနေပြည်တော် မြို့တော်အဖြစ်တည်ရှိခဲ့သည့် မြို့ကြီးဖြစ်ပါသည်။ ဘောလ်တစ်ပင်လယ်ထွက်ပေါက်မြို့တော်ကြီးကို သာယာလှပသော ဥယျာဉ်များ၊ ပန်းခြံကြီးများ အကွက်အကွင်း လှပစွာတည်ဆောက်ထားပြီး ဥယျာဉ်၊ ပန်းခြံများအလယ်၌ ကြီးမားခမ်းနားသော နန်းတော်အဆောက်များ၊ ပြတိုက်အဆောက်အအုံများ အစီအရီ တည်ရှိပါသည်။

နှစ်ထပ်သုံးထပ် အဆောက်အအုံများမှ ရှေးရောင်ပန်းကနုတ် ဗိသုကာလက်ရာများဖြင့် အံ့မခန်းလေ့လာဖွယ်ရာ များပြားစွာ တည်ရှိသော မြို့ကြီးဖြစ်ပါသည်။ မြို့တော်ဧရိယာအတွင်း တူးမြောင်းများဖြင့် ပင်လယ်ထွက်ပေါက်ကို ဦးတည်လျက်ရှိပါသည်။

စိန့်ပီတာစဘတ်မြို့သည် ရုရှားနိုင်ငံသမိုင်းတွင် အထင်ကရအရေးကြီးသည့် ကဏ္ဍ၌ ပါဝင်ခဲ့ပါသည်။ ရုရှားနိုင်ငံ မော်စကိုမြို့ကို ရုရှားမင်းသားတစ်ပါးက ၁၁၄၇ ခုနှစ်တွင် တည်ထောင်ခဲ့ပါသည်။ အာရှတိုက်၏ မြေဧရိယာ တစ်စိတ်တစ်ပိုင်း ပါဝင်သည့် ကျယ်ပြန့်လှသောနိုင်ငံကြီးတွင် ကြီးစိုးအုပ်ချုပ်ခဲ့သူများအနက် (၁၂)ရာစုနှစ်များမှစ၍ အင်အားကြီးမား လွှမ်းမိုးခဲ့သူများမှာ ဇာမင်းဆက်ဘုရင်များ ဖြစ်ပါသည်။

အဆိုပါ ဇာဘုရင်များအနက် ပြည်ပနိုင်ငံဖြစ်သည့် မြောက်ပိုင်းဆွီဒင်နိုင်ငံများ၊ အနောက်ပိုင်း ပိုလန်နိုင်ငံများ၊ အနောက်တောင်ပိုင်း တူရကီနိုင်ငံများအထိ နယ်မြေချဲ့ထွင်ခဲ့သော ပထမမြောက် ပီတာဘုရင်မှာ ရုရှားအင်ပါယာကို အကျယ်ပြန့်ဆုံး ချဲ့ထွင်နိုင်သည့် ကေရာဇ် ဘုရင်တစ်ပါးဖြစ်ပါသည်။ ခရစ်နှစ် ၁၆၇၂ ခုနှစ်တွင် မွေးဖွားကာ အရွယ်ရောက်ပြီး အစ်မဝမ်းကွဲနှင့် အစ်ကိုဝမ်းကွဲတို့နှင့်အတူ လက်တွဲအုပ်ချုပ်ခဲ့ကာ အသက် ၁၇ နှစ်အရွယ်တွင် တစ်ဦးတည်း ဦးဆောင်အုပ်ချုပ်ခဲ့ကြောင်း သိရသည်။ အစ်မ၊ အစ်ကိုများထက် စွမ်းဆောင်ရည်မြင့်မား၊ ဉာဏ်ပညာ ထက်မြက်သူဖြစ်သဖြင့် အများက လက်ခံကြပြီး ကမ္ဘာ့နိုင်ငံများအလယ် ခေတ်မီ ရုရှားနိုင်ငံကို တည်ထောင်ပေးခဲ့သူလည်း ဖြစ်ပါသည်။

ရုရှားကြည်းတပ်ကို ခေတ်မီအောင် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ပထမဆုံးရေတပ်ကို တည်ထောင်ခဲ့သူ၊ စက်မှုလက်မှုနှင့် ကုန်သွယ်ရေးကဏ္ဍ တိုးမြှင့်ပေးခဲ့သူဖြစ်ပါသည်။ စိန့်ပီတာစဘတ်မြို့ကို တည်ထောင်၍ မင်းနေပြည်တော်အဖြစ် အုပ်စိုးခဲ့ပြီး အသက် ၅၂ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရပါသည်။

## St. Petersburg . Legislative Assembly

မြန်မာ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၁ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့ရှိ ဥပဒေပြု လွှတ်တော်အဆောက်အအုံ (St. Petersburg Legislative Assembly)သို့ သွားရောက်ပြီး ဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် စိန့်ပီတာစဘတ်ဥက္ကဋ္ဌက မြန်မာကိုယ်စားလှယ်အဖွဲ့ကို လှိုက်လှဲစွာကြိုဆိုပါကြောင်း နှုတ်ခွန်းဆက်စကားပြောကြားပြီး ရင်းရင်းနှီးနှီးဆက်လက်ဆွေးနွေးကြရာ၌ စိန့်ပီတာစဘတ် ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌက ၎င်းတို့လွှတ်တော်တွင် တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကဲ့သို့ဖြစ်ကြောင်း၊ လုပ်ငန်းတာဝန် ကွာခြားမှုရှိကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ (Federal Subject of Russia) ဒေသကြီး ၈၃ ခုအနက် Federal Cities ဟု သတ်မှတ်ထားသော ဒေသကြီး နှစ်ခုရှိကြောင်း၊ Federal Cities ဒေသကြီးတစ်ခုမှာ မော်စကိုဖြစ်ပြီး ကျန်တစ်ခုမှာ စိန့်ပီတာစဘတ်ဖြစ်ကြောင်း။

စိန့်ပီတာစဘတ် ဥပဒေပြုကောင်စီတွင် ကိုယ်စားလှယ် ၅၀ ပါရှိကြောင်း၊ မြို့နယ် ၁၈ ခုအား မဲဆန္ဒနယ် ၅၀ ခွဲခြားထားခြင်း ဖြစ်ပါကြောင်း၊ စိန့်ပီတာစဘတ်မြို့တွင် လူဦးရေ လေးသန်းခွဲမျှရှိရာ ပျမ်းမျှအားဖြင့် ကိုယ်စားလှယ်တစ်ဦးစီ၏ ဒေသတွင် မဲပေးခွင့်ရှိ မဲဆန္ဒရှင် ခုနစ်သောင်းခန့်ရှိကြောင်း၊ မဲဆန္ဒရှင်များက ၎င်းတို့၏ ကိုယ်စားလှယ်များကို လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်ရှိကြောင်း၊ ရုံးခန်းများ၏ ကုန်ကျစရိတ်များကို သက်ဆိုင်ရာမြို့များက ဆောင်ရွက်ပေးကြောင်း၊ မိမိတို့ စိန့်ပီတာစဘတ် ဥပဒေပြုလွှတ်တော်မှ ကိုယ်စားလှယ်နှစ်ဦးသည် အထက်လွှတ်တော် (Federal Council) သို့ တက်ရောက်ခွင့်ရှိကြောင်း ရှင်းလင်းပြောကြားပါသည်။

စိန့်ပီတာစဘတ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဆွေးနွေးသည့် အခြားကိစ္စမှာ စိန့်ပီတာစဘတ်မြို့သည် အကွက်အကွင်းကျ သာယာလှပမှုကြောင့် နှစ်စဉ်ခရီးသွားငါးသန်းခန့် လာရောက်လေ့ရှိကြောင်း၊ စိန့်ပီတာစဘတ်မြို့သည် နိုင်ငံတကာရှိ “အခြားမြို့ကြီးများနှင့် ညီအစ်ကိုမြို့တော် (Brother City) အဖြစ်သတ်မှတ်ထားရှိ ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပမာအားဖြင့် တရုတ်ပြည်မှ ရှန်ဟိုင်းမြို့၊ ဂျာမနီမှ ဟန်းဘတ်မြို့တို့ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့်လည်း ညီအစ်ကိုမြို့တော်အဖြစ် သတ်မှတ်ဆောင်ရွက်သွားလိုကြောင်း ပြောကြားပါသည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်ကလည်း စိန့်ပီတာစဘတ်မြို့သည်

*စာမျက်နှာ ၇ သို့*

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၆၄
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း (၁၈၀) ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြ လျှောက်ထားရန်။

*စာမျက်နှာ ၆ မှ*

အလွန်လှပသောမြို့ဖြစ်ပြီး စီးပွားရေးအရ အလွန်တိုးတက်၍ အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်ကို အထူးသတိပြုမိပါသဖြင့် အဆွေတော်အဆိုပြုသည့်အတိုင်း ညီအစ်ကိုမြို့တော်ဖြစ်ရေး မိမိအနေဖြင့် ထောက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် ကျွန်တော်တို့အဖွဲ့သည် အိမ်ရှင်ဥက္ကဋ္ဌနှင့်အတူ ဥပဒေပြုလွှတ်တော်ခန်းမအတွင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြပါသည်။

### ခရီးသွားလုပ်ငန်း

အိမ်ရှင်ဥက္ကဋ္ဌနှင့် ဆွေးနွေးရာ ရုရှားလူမျိုး ၁၂ ရာခိုင်နှုန်းခန့်မှာ နှစ်စဉ်ခရီးသွားလေ့ရှိပြီး ရုရှားဆောင်းရာသီကာလတွင် ပူနွေးသော ပင်လယ်ကမ်းခြေများသို့ သွားရောက်အနားယူလေ့ရှိရာ မြန်မာပင်လယ်ကမ်းခြေများမှာ နာမည်ကြီး၍ ခရီးသွားလုပ်ငန်း တိုးချဲ့နိုင်ကြောင်း ဆွေးနွေးပြီး လေယာဉ်တိုက်ရိုက်ပျံသန်းရေးပါ ဆွေးနွေးကြပါသည်။ (ယခုအခါ MAI က ရာသီအလိုက် ရုရှားနှင့် လေယာဉ်ပျံသန်းမှုရှိနေပြီဟု ကြားသိရပါသည်။)

မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် လေ့လာရေးခရီးစဉ်၏ အဓိက လုပ်ငန်းဖြစ်သော လွှတ်တော်အဆင့်ဆင့် ဖွဲ့စည်းမှုလုပ်ငန်းများကို ရသမျှအချိန်အတွင်း မေးမြန်းလေ့လာခဲ့ရာ ရုရှားနိုင်ငံတွင် ထိုစဉ် (၂၀၁၁ ခုနှစ်က) လွှတ်တော်သက်တမ်း ၁၀၅ နှစ်ကျော် ကြာမြင့်ခဲ့ပြီဖြစ်ပြီး လက်ရှိစနစ်မှာ ၁၉၉၃ ခုနှစ်မှ စတင်ကျင့်သုံးခဲ့ကြောင်း၊ နှောင်းပိုင်း ဇာဘုရင်များလက်ထက်က လွှတ်တော်ရွေးချယ်တင်မြှောက်ပွဲများ စတင်ကျင်းပလာကြောင်း၊ နှောင်းပိုင်းဇာဘုရင်များမှာ စီမံအုပ်ချုပ်မှု ညံ့ဖျင်းကြသဖြင့် ဆန္ဒပြပွဲအဓိကရုဏ်းများ ဖြစ်ပွားခဲ့ပြီး နောက်ဆုံး ၁၉၁၇ ခုနှစ် အောက်တိုဘာ တော်လှန်ရေးအထိ ဦးတည်ခဲ့ကာ လီနင်ဦးဆောင်သည့် ဘော်ရှီဗစ်များ အောင်ပွဲရသဖြင့် ကမ္ဘာပေါ်တွင် ပထမဆုံးကွန်မြူနစ်နိုင်ငံ ပေါ်ပေါက်ခဲ့ကြောင်း လေ့လာသိရှိရပါသည်။

### ပီထရိုဂရက်ဟုလည်း ခေါ်တွင်ခဲ့

ကမ္ဘာတွင် ပထမဆုံးကွန်မြူနစ်နိုင်ငံ ပေါ်ပေါက်စေခဲ့သည့် (၁၉၁၇ ခုနှစ် အောက်တိုဘာလ) တော်လှန်ရေးကို စိန့်ပီတာစဘတ် မင်းနေပြည်တော်ရှိ စစ်သင်္ဘောကြီး အောရိုးရာ (Battle Ship Aurora) (ယခုပြတိုက်အဖြစ်ထားရှိ)မှ အမြောက်ဖြင့် ဇာဘုရင်များ၏ ဆောင်းရာသီနန်းတော်ကို ပစ်ခတ်အချက်ပေးခြင်းဖြင့် တော်လှန်ရေး စခဲ့သည်ဟု ဆိုပါသည်။ ထိုအချိန်တွင် နှောင်းပိုင်းဇာဘုရင်များက စိန့်ပီတာစဘတ်မြို့ကို ပီထရိုဂရက်ဟု အမည်ပြောင်းထားသည်ဆိုပါသည်။ စိန့်ပီတာစဘတ်မြို့သည် တော်လှန်ရေးအပြီး လီနင်ဂရက်ဟု အမည်သစ်ရခဲ့ပြီးနောက်ပိုင်း စတာလင်ဂရက်အဖြစ်လည်းကောင်း ခေါ်ဆိုခဲ့ကြောင်း၊ မြို့တော်ကို မော်စကိုသို့ ပြောင်းရွှေ့ခဲ့ကြောင်း၊ ခေတ်သစ်ရုရှားနိုင်ငံတွင် မူလအမည်ဖြစ်သော စိန့်ပီတာစဘတ်(အမည်) ပြန်လည်ရရှိခဲ့ကြောင်း စိတ်ဝင်စားဖွယ်ရာ လေ့လာတွေ့ရှိရပါသည်။

မြန်မာလွှတ်တော် ကိုယ်စားလှယ်အဖွဲ့၏ လေ့လာရေးခရီးစဉ်တွင် ဒူးမားအောက်လွှတ်တော်၊ ဖက်ဒရယ်ကောင်စီ အထက်လွှတ်တော်နှင့် ပြည်နယ်အဆင့်ဖြစ်သော စိန့်ပီတာစဘက် (ဖက်ဒရယ်မြို့တော်) လွှတ်တော်များကို လေ့လာခွင့်၊ ဆွေးနွေးခွင့်များရရှိပြီး မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့တို့ရှိ ကုန်သည်ကြီးများ၊ စက်မှုလုပ်ငန်းရှင်များနှင့်လည်း နှစ်နိုင်ငံစီးပွားကုန်သွယ်ဆိုင်ရာ အလားအလာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခွင့်ရရှိခဲ့ပါသည်။ ချစ်ကြည်ရေးခရီးစဉ်၏ ရည်ရွယ်ချက်များ အောင်မြင်သည်ဟု ဆိုရပါမည်။

တစ်ချိန်တည်းတွင် ဒေသန္တရဗဟုသုတ ရရှိစေမည့် ပြတိုက်များ၊ နန်းတော်အဆောက်အအုံများ၊ သမိုင်းဝင်နေရာများကို လေ့လာခွင့်ရရှိခဲ့ပါသည်။ လှပသောပန်းခြံများ၊ ရေပန်းများ ထိန်းသိမ်းထားရှိမှုနှင့် ပြသထားသည့် ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိမှုမှာလည်း အတုယူဖွယ်ဖြစ်ပါသည်။

### မော်စကိုမြို့နှင့် စိန့်ပီတာစဘတ်မြို့ရှိ ပြတိုက်များ၊ သမိုင်းဝင်အဆောက်အအုံများ သွားရောက်လေ့လာခြင်း

၂၀၁၁ ခုနှစ် ဇွန်လ ၂၈ ရက်တွင် မော်စကို Kremlin ရင်ပြင်နီ Historil Cultura Museum, Diamond Fund, Armory Chamber တို့ကို သွားရောက်လေ့လာရာ ဇာဘုရင်များနှင့် ဆက်စပ်နေသဖြင့် (၁၆/၁၇)ရာစု ဇာဘုရင်များလက်ထက်နှင့် Peter the Great ညီအစ်ကိုများ အသုံးပြုခဲ့သည့် ပလ္လင်၊ (၁၃)ရာစုမှ (၁၈)ရာစုနှစ်များအတွင်း အသုံးပြုခဲ့သော ရွှေနှင့် စိန်အလုံး ၂၅၀၀ ကျော်ပါ ဥရောပသရဖူများ၊ ဇာဘုရင်လက်ထက်အသုံးပစ္စည်းများ၊ ကာရက် ၃၂၀ သဘာဝစိန်ရိုင်း ခြောက်ကီလိုရှိ အမဲရောင်စိန်၊ ပတ္တမြား၊ မြ၊ ပယင်း၊ သလင်းအုပ်စုများ၊ ၁၉ ရာစုနှစ် အလယ်ပိုင်းတွင် အုပ်ချုပ်ခဲ့သည့် ဘုရင်မိသားစု အသုံးအဆောင် လက်ဝတ်ရတနာများ၊ ပလက်တီနမ်ဖြင့် ပြုလုပ်ထားသောဒင်္ဂါးများ၊ ရွှေရိုင်းတုံးများ စသည်ဖြင့် စနစ်တကျလုံခြုံစွာ ပြသထားသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် ကရင်မလင် ရင်ပြင်နီတွင် ရှေးခေတ်သုံး အမြောက်ကြီးအား သမိုင်းဝင်ပစ္စည်းအဖြစ် ပြသထားသည်ကို တွေ့ရှိခဲ့ပါသည်။

၂၀၁၁ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် စိန့်ပီတာစဘတ်မြို့ပတ်ဝန်းကျင်ရှိ Hermitage Museum, Patropaulovsle fortness, Issakieusk cathedral သို့လည်းကောင်း၊ ၃၀ ရက်နေ့တွင် Petergov Museum နှင့် ဇူလိုင်လ ၁ ရက်နေ့တွင် State Museum Park Czar village သို့ သွားရောက်လေ့လာခဲ့ပါသည်။ အဆိုပါပြတိုက်များတွင် အသုံးအဆောင်များနှင့် နွေရာသီ၊ ဆောင်းရာသီ နေထိုင်နိုင်ရန်ဆောက်လုပ်ထားသည့် အဆောက်အအုံများ၊ နံရံဆေးရေးပန်းချီကားများ၊ အမြင့်တွင်ရှိသည့် ရေကို ပိုက်ဖြင့်သွယ်တန်းပြီး ရေပန်း (Water fountain) များ လှပစွာ ပြုလုပ်ထားပုံများကို ပြသထားပါသည်။

ရွှေထွက်သောနိုင်ငံဖြစ်သဖြင့် ရွှေရောင်ကို နေရာတိုင်းလို တောက်ပစွာတွေ့ရှိရပါသည်။ ယခုတိုင်လည်း အရောင်မပျက် လှပစွာ ထိန်းသိမ်းထားရှိကြောင်း လေ့လာသိရှိရပါသည်။ ဖော်ပြပါနန်းတော်များ၊ အဆောက်အအုံများ၊ ဥယျာဉ်ပန်းခြံများသို့ ကမ္ဘာလှည့်ခရီးသည်များ လာရောက်လေ့လာလျက်ရှိကြောင်း တွေ့ရှိခဲ့ရပါသည်။ တစ်နှစ်လျှင် ညွှတ်သည် ငါးသန်းခန့် လာရောက်ခဲ့ကြကြောင်း၊ မြစ်များ၊ တူးမြောင်းများကို အသုံးပြုပြီး မြို့၏ အလှအပကို ခံစားနိုင်ရန် ဆောင်ရွက်ထားမှုမှ ဝင်ငွေများစွာရရှိကြောင်း သိရှိရပါသည်။

ပြတိုက်များ ထိန်းသိမ်းပြသထားခြင်းဖြင့် တစ်ချိန်က ဘုန်းမီးနေလ တောက်ပခဲ့သော ရုရှားဧကရာဇ် ဘုရင်များစွာ၏ စွမ်းဆောင်ခဲ့မှုကို လေ့လာနိုင်ပြီး နှောင်းခေတ် လူငယ်များအနေဖြင့် အားကျဂုဏ်ယူစိတ်နှင့် အမျိုးဂုဏ်ဇာတိဂုဏ် ရှင်သန်ထက်မြက်မှုကို အထောက်အပံ့ပြုနိုင်မည်ဟု သုံးသပ်မိပါသည်။

စိန့်ပီတာစဘတ်မြို့တွင်ရှိစဉ် ရုရှားကုန်သည်ကြီးများနှင့် စီးပွားရေးလုပ်ငန်းရှင်များအသင်းသို့ သွားရောက်၍ ရေထွက်ကုန်ပစ္စည်းများအကြောင်းနှင့် သတ္တုတူးဖော် သန့်စင်ရေးကိစ္စများ ဆွေးနွေးခဲ့ပါသည်။ ရုရှားနိုင်ငံအနေဖြင့် ပုစွန်ကဲ့သို့ ရေထွက်ပစ္စည်းများကို ဗီယက်နမ်နိုင်ငံမှ အမြောက်အမြား တင်သွင်းနေကြောင်း၊ အိန္ဒိယနှင့် ပါကစ္စတန်မှလည်း တင်သွင်းနေကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံမှလည်း တင်ပို့နိုင်ကြောင်း၊ မြန်မာနိုင်ငံ၏ အထည်ချုပ်လုပ်ငန်းကို ဥရောပနှင့် ဂျပန်နိုင်ငံတို့ကပါ လက်ခံအလုပ်အပ်လျက်ရှိကြောင်း၊ ရုရှားဈေးကွက်ကိုလည်း ရယူလိုကြောင်း ဆွေးနွေးခဲ့ပါသည်။

ကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးက ရွှေတူးဖော်မှု ပြန်လည်အကောင်အထည်ဖော်မှု အပါအဝင် ကျောက်စိမ်းတူးဖော်မှု၊ သတ္တုတူးဖော်မှု၊ စက်ရုံလုပ်ငန်း၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းများကိုလည်းကောင်း၊ အခြားအဖွဲ့ဝင်တစ်ဦးက ရေနံစိမ်းဝယ်ယူရေးကိစ္စကိုလည်းကောင်း ဆွေးနွေးခဲ့ရာ ရုရှားစီးပွားရေးလုပ်ငန်းရှင်များက များစွာ စိတ်ဝင်စားကြပါသည်။ လိုအပ်သော စက်ကိရိယာ ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်ကြောင်းကိုလည်း ပွင့်လင်းစွာ ဆွေးနွေးကြပါသည်။

### စိန့်ပီတာစဘတ်မှ နေမဝင်သောည

ကျွန်တော်တို့အဖွဲ့ တစ်ခါမျှ မကြုံဖူးသည့် အတွေ့အကြုံသစ်တစ်ခုမှာ တစ်ညလုံးနေမဝင်သော (White Night) အဖြူရောင်လွှမ်းသည့် ညချမ်းကို ကြုံတွေ့ရခြင်း ဖြစ်ပါသည်။ အိပ်ချိန်ရောက်၍ အိပ်ရာဝင်ရသော်လည်း အပြင်မှာ နေရောင်လုံးဝမပျောက်ပါ၊ တစ်ညလုံး နေရောင်မပျောက်ပါ။ အိပ်ရာမဝင်ချင်သေးသူများ တစ်ညလုံး အကဲပိုနိုင်ပါသည်။ မြောက်ဝင်ရိုးစွန်းနှင့်နီးသည့် စိန့်ပီတာစဘတ်ကဲ့သို့ မြို့မျိုးတွင် ကြုံတွေ့ရခြင်း ဖြစ်ပါသည်။ သာယာလှပသော စိန့်ပီတာစဘတ်မြို့မှ ၂၀၁၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နံနက်ပိုင်းတွင် မော်စကိုမြို့သို့ ပြန်လည်ထွက်ခွာခဲ့ပြီး ညနေပိုင်းတွင် ထိုင်းနိုင်ငံသို့ ထွက်ခွာလာခဲ့ကြပါသည်။ ယခုအခါ စိန့်ပီတာစဘတ်မြို့ ကောင်စစ်ဝန်ချုပ်ရုံး (Consulate General)ကို ၂၀၂၅ ခုနှစ် မတ်လ ၅ ရက်နေ့တွင် နိုင်ငံတော်အကြီးအကဲ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းများအရ သိရှိရပါသည်။ အလားတူ နိုဗိုစီဗစ်မြို့၌လည်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို မတ်လ ၉ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်ကို တွေ့မြင်ရ၍ နှစ်နိုင်ငံ ဆက်ဆံရေးအတွက် များစွာ နှစ်ထောင်းအားရ ဖြစ်မိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနား ပြန်လည်သုံးသပ်ခြင်း အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ MGallery ဟိုတယ်၌ ကျင်းပသည်။



အစည်းအဝေးသို့ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အကြံပြုချက် ၆၃ ချက်ရရှိ**

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို စနစ်တကျကျင်းပဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းကော်မတီများကလည်း အချင်းချင်း ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် NCA ဆိုင်ရာ အကြံပြုချက် စုစုပေါင်း ၆၃ ချက် ရရှိခဲ့ကြောင်း၊ အချို့အချက်များသည် အကျိုးရှိသည့် အကြံပြုချက်များဖြစ်ကြောင်း၊ လူငယ်များသည် ငြိမ်းချမ်းရေးကို စိတ်ဝင်စားသည်ကိုတွေ့ရှိရကြောင်း၊ NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး နောင်ကျင်းပမည့် အခမ်းအနားများ၌ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ်သုံးစွဲခဲ့သည့် ဘတ်ဂျက်အသုံးစရိတ်များကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ တင်ပြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီအတွင်းရေးမှူးက NCA(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲအား ငြိမ်းချမ်းသော မြန်မာ့အနာဂတ် တည်ဆောက်ခြင်း ခေါင်းစဉ်နှင့်အတူ ရှေ့လုပ်ငန်းစဉ်များအား မည်သို့ဆောင်ရွက်မည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစီးကော်မတီအစည်းအဝေးကို လေးကြိမ်ဆောင်ရွက်ခဲ့ပြီး ပူးပေါင်းညှိနှိုင်းရေး လုပ်ငန်းကော်မတီအစည်းအဝေးနှစ်ကြိမ်၊ NCA–S EAO အဖွဲ့များနှင့် တွေ့ဆုံညှိနှိုင်းမှု လေးကြိမ်နှင့် နိုင်ငံရေးစကားဝိုင်းတွင် ပါဝင်သည့် Moderator၊ Speaker များနှင့်လည်း အကြိမ်ပေါင်းများစွာတွေ့ဆုံခဲ့ပြီး လုပ်ငန်းများကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက် တွေ့ကြုံရသည့် စိန်ခေါ်မှုနှင့် အားသာချက်၊ အားနည်းချက်များအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိများက လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ငွေကြေးသုံးစွဲခဲ့မှုအခြေအနေကို ရှင်းလင်းဆွေးနွေးကြသည်။

**မျိုးဆက်သစ်များမွေးထုတ်**

ထိုသို့ဆွေးနွေးမှုများအပေါ် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ငြိမ်းချမ်းရေးအတွက် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည်ဟု သုံးသပ်တွေ့ရှိရပြီး ငြိမ်းချမ်းရေးအတွက် မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်သင်ကြား မွေးထုတ်ပေးရန်လိုကြောင်း၊ ငြိမ်းချမ်းရေးကို အထောက်အကူပြုသည့် ဒေသစီးပွားဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ NCA အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲမှရရှိလာသည့် အကြံပြုချက်များကို နောင်အစိုးရသစ်လက်ထက်၌ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အကြံပြုချက်ကောင်းများဖြစ်သည့်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် လိုအပ်သလို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မန္တလေးငလျင်ကြီးဒဏ်ခံခဲ့ရသည့်နယ်မြေဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီအစည်းအဝေး (၃/၂၀၂၅) ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

အင်အားပြင်း မန္တလေးငလျင်ကြီး ဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၃/၂၀၂၅) ကို ယနေ့ နံနက်ပိုင်းက မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော်၌ကျင်းပသည်။

အစည်းအဝေးသို့ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပြည်ထောင်စုစာရင်းစစ်ချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့် ရန်ပုံငွေ စီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ နေပြည်တော်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မြန်မာနိုင်ငံ ဘဏ်များအသင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေး ကြေးရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများက ချေးငွေလျှော့ကျထားမှုများအပေါ် လိုအပ်ချက်များကို တင်ပြခဲ့ပြီး မူဝါဒများကို ရန်ပုံငွေလုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကာ ဒေသဆိုင်ရာ အစိုးရအဖွဲ့ အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ချေးငွေများ စိစစ်ရာတွင် မြန်ဆန် မှန်ကန်စေရန်အတွက် သက်ဆိုင်ရာ ဌာနများနှင့် ဆက်သွယ် ဆောင်ရွက်ရမည့် တာဝန်ရှိသူများ သတ်မှတ်ထားရှိပေးရန်တို့နှင့်စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် လုပ်ငန်းအဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးကြပြီး ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသည်။



ဆက်လက်၍ (၅၃)ကြိမ်မြောက် ASEAN Banking Council အစည်းအဝေးနှင့် (၂၄)ကြိမ်မြောက် ASEAN Banking Conference တို့ကို နိုဝင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပမည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် မြန်မာနိုင်ငံဘဏ်များ အသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောဦး၊ ပုဂ္ဂလိကဘဏ်များမှ CEO များနှင့် မြန်မာနိုင်ငံဘဏ်များအသင်းအနေဖြင့် အိမ်ရှင်အဖြစ် မြန်မာနိုင်ငံတွင် အလှည့်ကျလက်ခံကျင်းပရေး ကိစ္စနှင့်စပ်လျဉ်း၍ ကြိုတင်ပူးပေါင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်ရွှေမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

**ညောင်ရွှေ အောက်တိုဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား လစဉ်ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိရာ ညောင်ရွှေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများသည် အောက်တိုဘာ ၂၂ ရက်က ညောင်ရွှေမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူး ဒေါက်တာအောင်စစ်ထွန်းနှင့် ဝန်ထမ်းများက ဆောင်ရွက်ပေးပြီး နိုင်ငံ့ဝန်ထမ်း အငြိမ်းစား စုစုပေါင်း ၁၀၇ ဦးအား အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် လျှပ်စစ်သုံး မော်တော်ဆိုင်ကယ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၄**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KENBO အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ၊ PMPG– EV Myanmar Trading Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Faw Volkswagen ID4 Crozz Pro အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် T&Z Finance Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် BYD Sealion 07 လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ ဌာနေကိုယ်စားလှယ် မစ္စတာအားနော့ဒီဘော့ခ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၄**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ(ICRC)မှ ဌာနေကိုယ်စားလှယ် မစ္စတာ အားနော့ဒီဘော့ခ်နှင့်အဖွဲ့အား ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမ၌ တွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် ကျန်းမာရေးဝန်ကြီးဌာနနှင့် ICRC အဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ မြန်မာနိုင်ငံရှိ ခြေတုလက်တု ကျွမ်းကျင်ပညာရှင်များ၏ စွမ်းဆောင်ရည် ပိုမိုတိုးတက်မြင့်မားရေးနှင့် ခြေတုလက်တုကျွမ်းကျင်ပညာရှင်များ ပိုမိုပေါ်ထွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံအတွင်း သင်တန်းများပို့ချရေးတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ဝေးလံသော ဒေသများရှိ ကျေးလက်ကျန်းမာရေးဌာနများတွင် ဆိုလာလျှပ်စစ်မီးစနစ် တပ်ဆင်နိုင်ရေးအတွက် အထောက်အပံ့ပေးရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ICRC မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# လက်မှတ်ရပြည်သူ့စာရင်းကိုင် (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၇) သင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၂၄**

မြန်မာနိုင်ငံ စာရင်းကောင်စီက ကြီးမှူးကျင်းပသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (Certified Public Accountant– CPA) (ဒုတိယပိုင်း) သင်တန်းအမှတ်စဉ် (၄၇) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။



### တိုက်တွန်းပြောကြား

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သင်တန်းသည် ဘွဲ့လွန်သင်တန်းတစ်ခုဖြစ်ပြီး စာရင်းပညာရှင်အဖြစ် ရပ်တည်ဆောင်ရွက်နိုင်ရေး လေ့ကျင့် သင်ကြားပေးသည့် သင်တန်းတစ်ခုလည်း ဖြစ်ပါကြောင်း၊ သင်တန်းမှပို့ချသည့် ဘာသာရပ်များသည် သင်တန်းသားများ၏ ဘဝရပ်တည်ရေးအတွက် အထောက်အကူဖြစ်စေမည်သာမက နိုင်ငံစီးပွားမြှင့်တင်ရေးအတွက်ပါ လက်တွေ့ အသုံးချနိုင်သည့် ပညာရပ်လည်းဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်တွင် အသုံးချဆောင်ရွက်ရာ၌ သင်ကြားထားသည်များသာမက စာရင်းပညာနယ်ပယ်၏ အသစ်ဖြစ်ပေါ်တိုးတက်မှုများ၊ နည်းပညာရပ်များကို စဉ်ဆက်မပြတ် လေ့လာပြီး ကျင့်ဝတ်၊ စည်းကမ်းများကို လိုက်နာသည့် စာရင်းပညာရှင်များဖြစ်အောင် ကြိုးစားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် သင်တန်းသားများကိုယ်စား နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဇမ္ဗူသီရိမြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ စာရင်းကိုင်–၂ ဦးစန်းမင်းထိုက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အရည်အချင်းစစ်စာမေးပွဲကို အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ် သင်တန်းကျောင်း နေပြည်တော်နှင့် ရန်ကုန်တို့တွင် တစ်ပြိုင်တည်း ကျင်းပသွားမည်ဖြစ်ပြီး ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းများနှင့် ကိုယ်တိုင် လေ့လာဖြေဆိုမည့်သူများ အပါအဝင် နေပြည်တော်တွင် ၄၄ ဦးနှင့် ရန်ကုန်တွင် ၂၀၆ ဦး စုစုပေါင်း ၂၅၀ ဝင်ရောက်ဖြေဆိုမည်ဖြစ်သည်။

သင်တန်းဆင်းပွဲသို့ ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦး၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးဝမ်းတင်နှင့် ကောင်စီဝင်များ၊ မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၊ စာရင်းကိုင်အလုပ်သင်နှင့် ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းများ ကြီးကြပ်ရေး ကော်မတီဝင်များနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကိုယ်ပိုင်စာရင်းကိုင် သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ် မန်စီမြို့၌ ကျင်းပသော ဆဌမအကြိမ်မြောက် မြန်မာ-တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၄**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်ဦးဆောင်၍ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ် ၁၂ ဦးပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် တယ်ဟုန်ပြည်နယ်ခွဲ၏ မြို့တော် မန်စီမြို့၌ ကျင်းပသည့် ဆဌမအကြိမ်မြောက် မြန်မာ–တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲသို့ တက်ရောက်ရန် အောက်တိုဘာ ၂၁ ရက်က မန်စီမြို့သို့ ရောက်ရှိခဲ့သည်။

ညနေပိုင်းတွင် တယ်ဟုန်ပြည်နယ်ခွဲ တရုတ်ကွန်မြူနစ်ပါတီ ကော်မတီအတွင်းရေးမှူး Mr. Wang Yunfei နှင့် တွေ့ဆုံဆွေးနွေး၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသော ကြိုဆိုနှုတ်ခွန်းဆက်ညစာစားပွဲကို ဆက်လက်တက်ရောက်ပြီး တရုတ်–မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။




### အကျိုးဖြစ်ထွန်းစေမည်

အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းတွင် ဆဌမအကြိမ်မြောက် မြန်မာ–တရုတ် နှစ်နိုင်ငံ အဆင့်မြင့်တတ်သိပညာရှင်များဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ H.E. Mrs. Yang Yang က အဖွင့်အမှာစကားပြောကြားကာ တာဝန်ရှိသူများက အလှည့်ကျဆွေးနွေးပြောကြားကြပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က တရုတ်ပြည်သူများ၏ ကြီးပွားတိုးတက်မှုသည် မြန်မာပြည်သူများအား အကျိုးဖြစ်ထွန်းစေမည်ဖြစ်သကဲ့သို့ မြန်မာပြည်သူများ၏ လူမှုစီးပွားတိုးတက်မှုသည်လည်း တရုတ်ပြည်သူများအား အကျိုးကျေးဇူးဖြစ်ထွန်းစေပါကြောင်း၊ နှစ်နိုင်ငံအကြား တည်ရှိသော တရုတ်–မြန်မာ ပေါက်ဖော်ချစ်ကြည်ရေးကို ဤဆွေးနွေးပွဲက ပိုမိုခိုင်မြဲစေမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ–တရုတ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ ၁၀ စောင် လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်သည်။

ယင်းနောက် အဖွဲ့ဝင်ကိုယ်စားလှယ်များ၏ မိန့်ခွန်းပြောကြားမှုကို တက်ရောက်အားပေးကာ မွန်းလွဲပိုင်းတွင် မြန်မာ–တရုတ် ပညာရေးနှင့် အားကစားပူးပေါင်းဆောင်ရွက်ရေး အပြန်အလှန် Dialogue ဆွေးနွေးပွဲသို့ တက်ရောက်အားပေးသည်။

ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၃ ရက်က မန်စီမြို့ ရွှေစေတီသို့ သွားရောက်ဖူးမြော်ပြီး တယ်ဟုန်သက်မွေးပညာကောလိပ်သို့သွားရောက်လေ့လာကာ ကောလိပ်အားကစားကွင်း၊ ဆေးသိပ္ပံပညာ၊ e–commerce ပညာ၊ မော်တော်ယာဉ်ပြင်ဆင်ရေးသင်တန်းတို့ကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မန်စီမြို့ အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းသို့ရောက်ရှိပြီး မူလတန်းကလေးငယ်များ စာသင်ခန်းအတွင်း သင်ယူလေ့လာနေမှုများကိုကြည့်ရှုပြီး အားကစားရုံ၊ မြက်ခင်းတု အားကစားကွင်းအတွင်း မူလတန်းကလေးငယ်များ အားကစားလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

### လှည့်လည်လေ့လာ

ထိုမှတစ်ဆင့် Dehong Normal University သို့ ရောက်ရှိရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက တက္ကသိုလ်ပုံစံငယ်ကို ရှင်းလင်းပြသပြီး တက္ကသိုလ်သမိုင်းမှတ်တမ်းပြတိုက်အတွင်း လှည့်လည်လေ့လာသည်။

ဒုတိယဝန်ကြီးဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဌာန၊ ဇီဝသိပ္ပံဌာန၊ အေအိုင်နည်းပညာဌာနသင်တန်းများကို ကြည့်ရှုလေ့လာခဲ့ပြီး အောက်တိုဘာ ၂၃ ရက် ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**



# တစ်ခေါက်တစ်ခါ လှမ်းလာခဲ့ပါ ဖိတ်ခေါ်

# တောင်ကြီးတန်ဆောင်တိုင်နှင့် မီးပုံးပျံပြိုင်ပွဲတော်

စိုင်းဇော်လတ်(လင်းခေး)

နှစ်စဉ် တန်ဆောင်မုန်းလဆန်းသို့ ရောက်ပြီဆိုလျှင် ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့ရှိ အဝေရာ ကုန်းသာယာမီးပုံးပျံကွင်းကြီး၏ ဝေဟင်ထက်၌ ပျံတက်နေသည့် မီးပုံးပျံများ၊ တိရစ္ဆာန်အရုပ်မျိုးစုံ ရောင်စုံမီးပုံးပျံ အလှအပများကို တန်ဆောင်မုန်းလပြည့်ညအထိ ရှုမြင်ခံစားရစမြဲ ဖြစ်သည်။

ဆောင်းနှင်းတို့ဝေသည့် ထိုကာလတွင် "ပွဲတော်ည... ပွဲတော် ည... တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်ည" ဟူသည့် တေးသီချင်းသံများကလည်း တောင်ကြီးမြို့တစ်ခွင် ဘဝင်ညံ့လျက်ရှိလေသည်ကို ခံစားရသူတိုင်းက တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိနားလည်စေပါသည်။

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခု ဖြစ်သည့် တောင်ကြီးမြို့ ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော်နှင့် ရိုးရာမီးပုံးပျံပြိုင်ပွဲကြီးကို အောက်တိုဘာလ ၂၉ ရက်နေ့မှစတင်ကာ နိုဝင်ဘာလ ၅ ရက်နေ့အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပတော့မည် ဖြစ်ပေသည်။ ဤပွဲတော်ကြီးကို တောင်ကြီးမြို့ရှိ တိုင်းရင်းသားများအားလုံးက စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် ရှေးအစဉ်အလာမပျက် ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း ၈၀ ကျော် ကြာမြင့်လာခဲ့ပြီဖြစ်သည်။

### ပွဲတော်ကျင်းပခြင်းရည်ရွယ်ချက်

တောင်ကြီးသူ တောင်ကြီးသားတို့သည် မိမိတို့ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကို ဦးထိပ်ပန်ဆင်ကန်တော့ရန်နှင့် မျိုးဆက်သစ် (မီးပုံးပျံ) လူငယ်များ မွေးထုတ်သွားနိုင်ရန်ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရှိရပါသည်။ တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်နှင့် ရိုးရာမီးပုံးပျံပွဲတော်ကြီးသည် အဆန်းတကြယ်အံ့သြဖွယ်ရာမြင်ကွင်းများကို တွေ့မြင်ခံစားနိုင်သောကြောင့် ပြည်တွင်းပြည်ပကပါ စိတ်ဝင်စားကြရသည့် ပွဲတော်ကြီးတစ်ခုဖြစ်သည့်အလျောက် ကမ္ဘာလှည့်ခရီးသွားများနှင့်ပျော်ရာ ပွဲတော်ကြီးလည်းဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်စရာ အထင်ကရနေရာများစွာရှိသည့်အနက် ဤတောင်ကြီးတန်ဆောင်တိုင် ရိုးရာမီးပုံးပျံပြိုင်ပွဲကြီးမှာ ၎င်းတို့အတွက် ထူးဆန်းအံ့ဖွယ်၊ အမှတ်တရဖြစ်ဖွယ်များစွာ ဖော်ထုတ်ပေးသည့် ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်ကြီးဟုလည်း ဆိုနိုင်ပါသည်။

### တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သမိုင်းအစ

တောင်ကြီးမြို့ရှိ ရိုးရာမီးပုံးပျံ ပညာရှင်များ၏ အဆိုများအရ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ၁၉၄၁ ခုနှစ်တွင် စတင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုအကျော် ၁၉၅၃ - ၁၉၅၄ ခုနှစ်တွင် ပွဲတော်တစ်ခုအဖြစ် ကျင်းပလာခဲ့ကြသည်မှာ ယခုနှစ်တွင် သက်တမ်း ၈၄ နှစ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရှိရပါသည်။

### တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပ

နှစ်စဉ်နှစ်တိုင်း နေ့ခင်းလွှတ် အရုပ်မီးပုံးပျံ ခြေနှစ်ချောင်း၊ ခြေလေးချောင်း စသည်တို့ကို တစ်ကောင်ချင်း၊ နှစ်ကောင်ချင်း သို့တည်းမဟုတ် သုံးကောင်နှင့်အထက် အုပ်စုအလိုက် အရုပ်အမျိုးမျိုး လွှတ်တင်ပြိုင်ပွဲဝင်ကြသည်။ ဖွင့်ပွဲညမှ ပွဲတော်နောက်ဆုံးညအထိ မီးပုံးပျံပညာရှင်များ ပြုလုပ်ထားသည့် စိန်နားပန်မီးပုံးပျံ (ရောင်စုံမီးပုံးငယ်လေးများဖြင့် ပုံဖော်အလှဆင်ချိတ်ဆွဲထားသည့် မီးပုံးပျံ) များနှင့် ညမီးကြီး(ခေါ် )ယမ်း မီးပုံးပျံအလှများအား တစ်ညလျှင် အနည်းဆုံး ၁၀ လုံးမှ ၁၄ လုံးခန့်အထိ အဖွဲ့လိုက် လွှတ်တင်ပြိုင်ပွဲဝင်လေ့ရှိကြသည့် မြင်ကွင်းများကို ရင်သပ်ရှုမောခံစားကြရမည်ဖြစ်သည်။

တောင်ကြီးမြို့၏ တန်ဆောင်တိုင်ပွဲတော်ကြီးကို ဆင်ယင်ကျင်းပကြရာတွင် မီးပုံးပျံပြိုင်ပွဲများသာမက နှစ်စဉ်နှစ်တိုင်း ကျင်းပသည့် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ မြို့တွင်းမီးပဒေသာ လှည့်လည်ပူဇော်ပွဲ၊ မြို့လုံးကျွတ် မဟာဘုံကထိန်လှည့်လည်ပွဲ စသည်တို့မှာလည်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ပိုမိုခမ်းနားတင့်တယ် စည်ကားသိုက်မြိုက်ပေါ်လွင်စေပါသည်။

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်နှင့် မီးပုံးပျံပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၊ ပိတ်ပွဲအခမ်းအနားမှ ပွဲတော်အစအလယ်အဆုံး ဆင်နွှဲပုံအဆင့်ဆင့် လှုပ်ရှားမှုတို့၏ ခတ်ပုံပြိုင်ပွဲ၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး ပြိုင်ပွဲ၊ တောင်ကြီးတန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားများ၌ အသုံးပြုသွားမည့် တေးသီချင်း ပြိုင်ပွဲ အစရှိသည်တို့အပြင် တောင်ကြီး တန်ဆောင်တိုင် အလှမယ်ပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ကြကြောင်း မှတ်တမ်းများအရ သိရှိရပါသည်။

ထို့အပြင် ဌာနဆိုင်ရာများအလိုက် ပြခန်းများ၊ စင်တင်တေးဂီတဖျော်ဖြေပွဲ၊ ရှမ်းပြည်နယ် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏ ရှမ်းတိုင်းရင်းသားရိုးရာ အိုးစည်ဗုံမောင်း၊ တိုးနရားအက၊ ကိန္နရီကိန္နရာ အကနှင့် ခေးသိုင်းအကအလှများလည်း နှစ်စဉ် ထည့်သွင်းကျင်းပရာ ပွဲတော်ကြီးကို ပိုမိုမြိုင်ဆိုင် စည်ကားစေပါသည်။

တောင်ကြီးဒေသတစ်ဝိုက် အေးအတူပူအမျှ အတူလက်တွဲ၍ မှီတင်းနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ရိုးရာအကအလှများ၊ ပျော်ပွဲရွှင်ပွဲအမျိုးမျိုး၊ ဈေးရောင်းပွဲတော်များ ပါမကျန် စုံစုံလင်လင် ပါဝင်ကျင်းပလျက်ရှိရာ ဒေသ၏ ယဉ်ကျေးမှုပွဲတော်ကြီးဟုလည်း ဆိုနိုင်ပါသည်။

### အဝေရာ ကုန်းသာယာမီးပုံးပျံကွင်းကြီး၌ စတင်ကျင်းပ

တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို စူဠာမုနိစေတီကုန်းတော်အခြေရှိ မီးပုံးပျံကွင်းနေရာ၌ ကျင်းပခဲ့ရာမှ လက်ရှိအဝေရာကုန်းသာယာမီးပုံးပျံကွင်းကြီးသို့ ၂၀၀၇ ခုနှစ်တွင် စတင်ပြောင်းရွှေ့လာကာ ၂၀၁၉ ခုနှစ်အထိ နှစ်စဉ်မပျက် ကျင်းပခဲ့ပါသည်။ ထိုမှ ပွဲတော်ကို သုံးနှစ်ခန့် ခေတ္တရပ်ဆိုင်းထားခဲ့ပြီးနောက် ၂၀၂၃ ခုနှစ်တွင် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကြီးကို ပြန်လည်ကျင်းပလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

### အနယ်နယ်အရပ်ရပ်မှ လာရောက်

ပွဲတော်ကျင်းပသည့်နှစ်တိုင်း တောင်ကြီးမြို့သူမြို့သားများ၊ တောင်ကြီးနယ်တစ်ဝိုက်ရှိ ဒေသအသီးသီးနေ တိုင်းရင်းသားပြည်သူများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အမြို့မြို့အနယ်နယ်မှ ပြည်သူအပေါင်းတို့က တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ ဖွင့်ပွဲနေ့မှစကာ တစ်ခဲနက် လာရောက်ပါဝင်ဆင်နွှဲကြသဖြင့် အထူးစည်ကားလှပါသည်။

### အထင်ကရနေရာများသို့လည်း လည်ပတ်နိုင်

အထူးသဖြင့် တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပစဉ်ကာလအတွင်း ပွဲလာရောက်လည်ပတ်ရင်း တောင်ကြီးမြို့တွင်းသာမက ပတ်ဝန်းကျင်အနီးရှိ ညောင်ရွှေ၊ အင်းလေး၊ ပင်းတယ၊ ရွာငံ၊ ဟိုပုံး၊ ဟိုက်ပါ ရေတံခွန်၊ နောင်ဖာကန် အစရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်းရှိ) သဘာဝအလှ အထင်ကရနေရာများသို့လည်း သွားရောက်လည်ပတ်နိုင်ပါသည်။

ပွဲတော်ရက်ကာလအတွင်း တောင်ကြီးမြို့အတွင်းရှိ ဟိုတယ်၊ မိုတယ်များနှင့် တည်းခိုရိပ်သာများ အသီးသီးတို့၌လည်း တန်ဆောင်တိုင်ပွဲလာဧည့်သည်များ သွားလာလှုပ်ရှားကြသည်မှာလည်း ကြက်ပျံမကျ စည်ကားလှပါသည်။ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ မရောက်ဖူးသေးသူများလည်းလာသကဲ့သို့ ရောက်ဖူးပြီးသူများကလည်း ထပ်အရောက်လာကြသည်။ အချို့က နှစ်စဉ်မပျက် လာရောက် ပါဝင်ဆင်နွှဲလေ့ရှိကြသည်။

ရှေးနှစ်ပေါင်းများစွာမှသည် ယနေ့တိုင် ကျင်းပလာသည့် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တိုင်းရင်းသားလူမျိုးများ၏ စည်းလုံးညီညွတ်ခြင်းအားကို ဖော်ဆောင်သည့်ပွဲတော်၊ ရိုးရာဓလေ့ ရှေးအစဉ်အလာမပျက် ဆင်နွှဲသည့်ပွဲတော်၊ ပြည်တွင်းသာမက နိုင်ငံတကာခရီးသွားဧည့်သည်များ အံ့သြစေသည့် ပွဲတော်ကြီးဖြစ်သော ရှမ်းပြည်နယ် တောင်ကြီးမြို့၏ မကြာမီကျင်းပတော့မည့် "ထာဝရလှသော တောင်ကြီးတန်ဆောင်တိုင်ပွဲတော်သို့ တစ်ခေါက်တစ်ခါအရောက် လှမ်းလာခဲ့ပါ"ဟု ဖိတ်ခေါ်ရေးသားလိုက်ရပါသည်။ ။



- ❖ မြန်မာနိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသွားများ လည်ပတ်စရာ အထင်ကရနေရာများစွာရှိသည့်အနက် ဤတောင်ကြီး တန်ဆောင်တိုင် ရိုးရာမီးပုံးပျံပြိုင်ပွဲကြီးမှာ ၎င်းတို့အတွက် ထူးဆန်းအံ့ဖွယ်၊ အမှတ်တရဖြစ်ဖွယ်များစွာ ဖော်ထုတ်ပေးသည့် ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်ကြီးဟုလည်း ဆိုနိုင်
- ❖ တောင်ကြီးမြို့ရှိ ရိုးရာမီးပုံးပျံပညာရှင်များ၏ အဆိုများအရ တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို ၁၉၄၁ ခုနှစ်တွင် စတင်ခဲ့ပြီး ဆယ်စုနှစ်တစ်ခုအကျော် ၁၉၅၃ - ၁၉၅၄ ခုနှစ်တွင် ပွဲတော်တစ်ခုအဖြစ် ကျင်းပလာခဲ့ကြသည်မှာ ယခုနှစ်တွင် သက်တမ်း ၈၄ နှစ်သို့ ရောက်ရှိ

# ရန်ကုန်တိုင်းဒေသကြီး ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နှင့် MYANWEN BEAUTY 2025 THE MSME SHOWCASE အခမ်းအနား ကျင်းပ



**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့နံနက်ပိုင်းက အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ပညာရေးမှူး၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ အင်းစိန်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ အင်းစိန်ခရိုင် ရပ်မိရပ်ဖနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး "စာပေ၏ အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် ဟောပြောမည့် စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူအား ဂုဏ်ပြုလက်ဆောင်ကိုလည်းကောင်း၊ ကျောင်းစာကြည့်တိုက်များအတွက် သုတ/ရသစာအုပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် သုတ/ရသ စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ ကြက်ခြေနီအသင်းမှ အသိပညာပေးပြခန်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အသိပညာပေးပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အသိပညာပေးပြခန်း၊ မီးသတ်ဦးစီးဌာနမှ အသိပညာပေးပြခန်း၊ ကျောင်းသူများ၏ တီထွင်စမ်းသပ်မှုပြခန်းများနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ Energiser Quiz ပြိုင်ပွဲ၊ စာပေစကားဝိုင်းဆွေးနွေးပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ ဂိမ်းကစားနည်းပြိုင်ပွဲများ စသည်တို့တွင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အခမ်းအနားဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက လက်ခံရယူပြီး အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ စာရေးဆရာမ တက္ကသိုလ် မြမဥ္ဇူက "စာပေ၏အကျိုးကျေးဇူး" ခေါင်းစဉ်ဖြင့် စာပေအသိပညာများ ဟောပြောခဲ့ပြီး ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

ယင်းနောက် MYANWEN BEAUTY 2025 THE MSME SHOWCASE အခမ်းအနားကို ရန်ကုန်မြို့ Lotte Hotel ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာစီးပွားရေး လုပ်ငန်းရှင် အမျိုးသမီးများကွန်ရက် (Myanmar Women Entrepreneurs Network– MYANWEN) နှင့် မြန်မာနိုင်ငံ အလှကုန်အသင်း (Myanmar Cosmetics Association– MCA) တို့၏ဥက္ကဋ္ဌဒေါက်တာ စုလှဟန်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးရဲမင်းအောင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က ဖွင့်လှစ်ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ MYANWEN BEAUTY 2025 THE MSME SHOWCASE ကို အောက်တိုဘာ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# (၈၈) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

(၈၈) ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ကော်မတီ (COSTI) အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ထိုင်းနိုင်ငံဗန်ကောက်မြို့၌ အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပသည်။

အဆိုပါအစည်းအဝေးများသို့ မြန်မာနိုင်ငံမှ အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ National COSTI Chair၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာ စိုင်းကျော်နိုင်ဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ ဆွေးနွေးဖက် Dialogue Partners နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါ အစည်းအဝေးတွင် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီအောက်ရှိ ဆပ်ကော်မတီများ အစည်းအဝေး၏ ရလဒ်များနှင့် ဆုံးဖြတ်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်ခြင်း၊ အာဆီယံ သိပ္ပံ၊ နည်းပညာနယ်ပယ် အကောင်အထည်ဖော်ရေးလုပ်ငန်း စီမံချက် (APASTI) ၂၀၁၆–၂၀၂၅ ဆိုင်ရာ မဟာဗျူဟာမြောက် အတူတကွ အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များအလိုက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ကော်မတီ (COSTI) မှ ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ၊ ဆပ်ကော်မတီများအလိုက် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းများ၊ အာဆီယံနိုင်ငံများနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများဖြစ်သည့် ကိုရီးယား၊ ရုရှား၊ ယူကေ၊ အမေရိကန်တို့နှင့် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**






# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး (ခုတင်–၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)၊ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ တပ်မတော်ဆေးရုံ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့နန်းမြို့တွင်းရှိ နယ်မြေခံ တပ်မတော်ဆေးရုံတို့၌ တက်ရောက် ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှုများ၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေး စကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ **မိုး/ဇလ**

# စစ်ကိုင်းတိုင်းဒေသကြီး၌ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ (၉/၂၀၂၅)အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။




ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှုနှင့်စပ်လျဉ်း၍ လည်းကောင်း၊ လုပ်ငန်းရှင်များက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဝက်မွေးမြူထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းဆောင်ရွက်ခွင့်ပြုရေး၊ ဆန်စပါးကြိတ်ခွဲ သိုလှောင်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုရေး၊ တည်ဆောက်ရေးကာလ တိုးမြှင့်ခွင့်ပြုရေးတို့နှင့်စပ်လျဉ်း၍ လည်းကောင်း၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်များက တာဝန်ယူဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ပေးသွားမည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဆက်လက်ကျင်းပသည့် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ (၉/၂၀၂၅)သို့ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ခရီးသွားလုပ်ငန်းကော်မတီ(၈/၂၀၂၅)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားဇုန်များ၌ သန့်ရှင်းသပ်ရပ်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ခရီးသွားများသွားလာရေး၊ နေထိုင်ရေးနှင့် ဟိုတယ်/တည်းခိုရိပ်သာများ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လည်းကောင်း၊ ဟိုတယ်/ တည်းခိုရိပ်သာလုပ်ငန်းရှင်များက မိမိတို့လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ဖြည့်ဆည်းပေးရန် လိုအပ်မှုအခြေအနေကိုလည်းကောင်း အကြံပြုဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မကွေး အောက်တိုဘာ ၂၄**
၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ဆောင်ပုဒ်ဖြစ်သည့် “Love Your Eyes” “အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေး အလေးပေးစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် စုပေါင်းရုံးစည်းဝေးခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်ဇနီး၊ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာနိုင်ငံတွင် မျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သော ရောဂါများမှာ အတွင်းတိမ်ရောဂါ၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရေတိမ်ရောဂါနှင့် ဆီးချို၊ သွေးတိုးရောဂါကြောင့် ဖြစ်သောရောဂါများဖြစ်ပြီး အတွင်းတိမ်ရောဂါမှာ မျက်စိကွယ်ခြင်း အားလုံး၏ ၇၀ ရာခိုင်နှုန်းခန့် ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အတွင်းတိမ်ရောဂါ လျော့နည်းကျဆင်းစေရေးအတွက် အတွင်းတိမ်ခွဲစိတ်ခြင်းကို ဆေးရုံများတွင်သာမက ကွင်းဆင်း၍လည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်း လက်လှမ်းမီစွာ ရရှိဆောင်ရွက်နိုင်စေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့်အတူ နီးနွယ်ဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံး ပူးပေါင်း၍ မျက်စိကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး မကွေးပြည်သူ့ဆေးရုံကြီးနှင့် မင်းဘူးပြည်သူ့ဆေးရုံကြီးတွင် မျက်စိအတွင်းတိမ်လူနာများအား အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ မျက်စိကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ မျက်မှန်များထောက်ပံ့ပေးခြင်းနှင့် အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်ဆက်)**

**မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်အတွင်းရှိ ဘုရားကြီးဈေးနှင့် ရတနာဘုမ္မိအရှေ့ရပ်ကွက်အတွင်းရှိ မန်းရတနာဈေးတို့ကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ၂၄ ရက်တွင် မြို့နယ်မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးရန်ဝေးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဈေးတာဝန်ခံနှင့်တာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က စစ်ဆေးဆောင်ရွက်စဉ်။** မြို့နယ်(ပြန်/ဆက်)



❖ *ကျောဖုံးမှ*
ပေါ်တိုအသင်းသည် ယခုပွဲရှုံးနိမ့်ခဲ့သည့်အတွက် ယခုနှစ်ရာသီ ပထမဆုံးရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရပြီဖြစ်သည်။

နော်တင်ဟမ် အသင်းသည် နည်းပြသစ် ရှောင်ဒိုက် ပထမဆုံး တာဝန်ယူကိုင်တွယ်သည့် ပွဲစဉ်တွင် နိုင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုပွဲစဉ်နိုင်ပွဲရရှိခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစားတစ်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးရလဒ် ရရှိထားသော်လည်း ပြိုင်ဘက်ပေါ်တိုအသင်းက သုံးပွဲကစား နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ် ရရှိထားသည်။ အခြားပွဲစဉ်ရလဒ်များတွင် ပဲလ်ဇန်က ရိုးမားကို နှစ်ဂိုး – တစ်ဂိုး၊ ဖီယင်နုက ပါနာသီနိုင်ကော့စ်ကို သုံးဂိုး–တစ်ဂိုး၊ ယန်းဘွိုင်းစ်က လူဒိုဂိုရက်စ်ကို သုံးဂိုး–နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

**အောင်ဇော်**

# တောင်သူများ စိုက်ပျိုးထွက်ရှိသမျှ ကြံအားလုံး ဝယ်ယူကြိတ်ခွဲနိုင်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၂၄**
၂၀၂၅-၂၀၂၆ ခုနှစ် ကြံရာသီတွင် ပြည်တွင်းရှိ သကြားစက်ရုံ(၂၉)ရုံ အနေဖြင့် တောင်သူလယ်သမားများစိုက်ပျိုးထွက်ရှိသမျှကြံအားလုံးကို ဝယ်ယူကြိတ်ခွဲသွားမည်ဖြစ်ကြောင်း ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရုံးအမှတ် (၄၃) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆွေးနွေးပွဲမှ သိရသည်။

ထို့ပြင် ခုတ်သိမ်းသောကြံများကို စက်ရုံသို့အချိန်နှင့်တစ်ပြေးညီ အလျင်အမြန် သယ်ယူနိုင်ရေး၊ သကြားစက်ရုံများနှင့် ကြံစိုက်တောင်သူများ ကန်ထရိုက် (Contract Farming) စနစ်ဖြင့် စိုက်ပျိုးဝယ်ယူ ကြိတ်ခွဲနိုင်ရေး၊ သကြားစက်များ ပြုပြင်မွမ်းမံခြင်း၊ စက်စွမ်းအားမြှင့်တင်ခြင်း၊ ခေတ်မီစက်များဖြင့် ပြောင်းလဲတပ်ဆင်ကြိတ်ဝါးခြင်းဖြင့် သကြားထွက်နှုန်းတိုးတက်ရေးနှင့် ထုတ်ကုန်အရည်အသွေးကောင်းမွန်ရေးကို ဦးစားပေး ဆောင်ရွက်ရန်လည်း ဆွေးနွေးခဲ့ကြသည်။



စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် သကြားထွက်နှုန်းကောင်းမွန်သည့် အရည်အသွေးကောင်း ကြံမျိုးများ ဖြန့်ဖြူးပေးခြင်း၊ နည်းပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိသကဲ့သို့ ကြံပင်များ၌ အချိုဓာတ်ပြည့်ဝချိန်တွင် မှန်မှန်ကန်ကန် ခုတ်သိမ်းနိုင်ရန်နှင့် ရိတ်သိမ်းချိန်လွန်ကာလ လေလွင့်ဆုံးရှုံးနိုင်သည့် အချက်များကို တောင်သူများ ဂရုပြုလိုက်နာဆောင်ရွက်နိုင်ရေး အသိပညာပေး လုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကြံပင်၏အရင်း၊ အလယ်၊ အဖျားတို့၏ အချိုဓာတ်ပါဝင်မှု (Brix) ရာခိုင်နှုန်းကို Hand Refrometer ဖြင့် တိုင်းတာ၍ အချိုဓာတ်အများဆုံးအချိန် ခုတ်သိမ်းရန်နှင့် ကြံခုတ်သိမ်းပြီးပြီးခြင်း သယ်ယူကြိတ်ဝါးနိုင်ခြင်းဖြင့် ကောင်းမွန်သော သကြားထွက်နှုန်းရရှိမည်ဖြစ်၍ ခုတ်သိမ်းချိန် မှန်မှန်ကန်ကန်နှင့် သယ်ယူကြိတ်ခွဲရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းရှင်များနှင့် တောင်သူများအကြား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်း သကြားစက်ရုံပေါင်း ၂၉ ရုံရှိပြီး ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ကြံတန်ချိန် ၅၃၇၉၅၇၇ တန် ကြိတ်ဝါးနိုင်ခဲ့ကာ သကြားအထွက် ၅၄၃၆၆၃ တန်၊ တင်လဲရည် ၂၆၁၈၉၅ တန် ထွက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦး ထပ်မံ ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

**နေပြည်တော် အောက်တိုဘာ ၂၄**

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။



ထိုသို့ စုံစမ်းဖော်ထုတ်လျက်ရှိရာ တပ်မတော်နှင့် BGF နယ်ခြားစောင့်တပ်များသည် အောက်တိုဘာ ၂၂ ရက် ည ၁၁ နာရီခန့်တွင် မြဝတီမြို့နယ် မဲ့ထော်သလေးကျေးရွာအုပ်စု (KK Park) နယ်မြေအတွင်းသို့ ရှောင်တခင်ဝင်ရောက် စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့သဖြင့် (KK Park) နယ်မြေအတွင်း အလုပ်လုပ်ကိုင်နေသော မြန်မာနိုင်ငံသားအလုပ်သမားများနှင့် နိုင်ငံခြားသားများသည် ကရင်ပြည်နယ်၊ မြဝတီမြို့ပေါ်ရပ်ကွက်၊ မဲ့ထော်သလေးကျေးရွာအုပ်စု၊ ဖလူးကျေးရွာအုပ်စု၊ မင်းလက်ပံကျေးရွာနှင့်တစ်ဖက် ထိုင်းနိုင်ငံ မဲဆောက်မြို့တို့သို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သိရှိရသည်။ ထို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက နယ်မြေတည်ငြိမ်အေးချမ်းမှုရှိစေရေး၊ အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းဆောင်ရွက်နေသူများ မပါရှိစေရေးတို့အတွက် အဆိုပါ ထွက်ပြေးတိမ်းရှောင်ကြသူများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ ယနေ့ မွန်းတည့် ၁၂ နာရီအထိ နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ပြည်ပနိုင်ငံသား ၁၅၁ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့ပြီး အဆိုပါ နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်း/လက်ခံဆောင်ရွက်ခြင်းမပြုမီ အမှတ်(၄)ရပ်ကွက်၊ မိုးလုံလေလုံအားကစားခန်းမ၌ ထိန်းသိမ်းထားရှိရာ မြဝတီခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက အဆိုပါနိုင်ငံခြားသားများ၏ လုံခြုံရေး၊ ကျွေးမွေးရေး၊ အုပ်ချုပ်ထောက်ပံ့မှု စနစ်တကျရှိစေရေးတို့အတွက် လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❑ *ကျော်ဖုံးမှ*

အဆိုပါ ကျောင်းများ၌ ကျောင်းအပ် လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသားကျောင်းသူ ၇၅ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၂၃၀ ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ အဆိုပါကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

ထို့အပြင် သီပေါမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၄ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ နှစ်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းအပြင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနက သီပေါမြို့ ကုန်းတော်ပရိယတ္တိစာသင်တိုက်၌ ယာယီရုံးခွဲဖွင့်လှစ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့အား ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက သီပေါမြို့ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူများ သွားလာအသုံးပြုလျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထို့ပြင် သီပေါမြို့နယ် တည်ငြိမ်အေးချမ်းသာယာရေး၊ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အေးချမ်းစွာ လူမှုစီးပွားဘဝ လုပ်ကိုင်စားသောက်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များကို ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

**၂၄ - ၁၀ - ၂၀၂၅ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ဘီလီယံ- စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၅၀၀ | ၄၄၀ | ၃၇၄၀၀၀၀ |
| MTSH | ၃၄၀၀ | ၃၄၅၀ | ၅၅၆၀ | ၁၉၁၇၁၉၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၀ | ၀ |
| FPB | ၂၃၀၀ | ၂၃၀၀ | ၅၁၈ | ၁၁၉၁၃၇၀၀ |
| TMH | ၂၈၅၀ | ၂၈၅၀ | ၁၉၉ | ၅၆၇၁၅၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၁၆၅၃ | ၃၀၃၀၅၅၀ |
| AMATA | ၃၅၀၀ | ၃၅၀၀ | ၀ | ၀ |
| MAEX | ၃၃၅၀ | ၃၃၅၀ | ၂၁၆ | ၂၀၅၀၁၀၀ |

---

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေ ရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

---

# ရန်ကုန်-မန္တလေးကားလမ်းမှ ရိုးကန်-ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ကြည့်ရှုစစ်ဆေး

**မိတ္ထီလာ အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ရန်ကုန်-မန္တလေး ကားလမ်းမှ ရိုးကန်-ကန်သာ(စီးပွားရေးတက္ကသိုလ်အဝင်)လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား အောက်တိုဘာ ၂၄ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်နှင်းနှင်းအိလှိုင်တို့က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေ ၃၁၆ ဒသမ ၈၃၈ သန်းဖြင့် မိတ္ထီလာမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်-မန္တလေး ကားလမ်းမှ ရိုးကန်- ကန်သာ (စီးပွားရေးတက္ကသိုလ်အဝင်) လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

---

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၄**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Arkar Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်နေ အာကာစိုးအား ည ၇ နာရီခွဲတွင် သင်္ဃန်းကျွန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖို့ဒ်ကားကုမ္ပဏီ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ ဘီလီယံ ဝင်ငွေစံချိန်တင် ရရှိ




**နယူးယောက် အောက်တိုဘာ ၂၄**
အမေရိကန်ကားထုတ်လုပ်သူ ဖို့ဒ်ကားကုမ္ပဏီသည် ၂၀၂၅ ခုနှစ် တတိယသုံးလပတ်တွင် ဘဏ္ဍာရေးရလဒ်များ တိုးတက်ခဲ့ပြီး ယခင်နှစ်အလားတူကာလထက် ၉ ရာခိုင်နှုန်း တိုးတက်ကာ အမေရိကန်ဒေါ်လာ ၅၀ ဒသမ ၅ ဘီလီယံ ဝင်ငွေစံချိန်တင် ရရှိခဲ့ကြောင်း အောက်တိုဘာ ၂၃ ရက်က သတင်းထုတ်ပြန်ခဲ့သည်။

တတိယ သုံးလပတ်တွင် ဖို့ဒ်ကားကုမ္ပဏီ၏ အသားတင်ဝင်ငွေ ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံ ရရှိခဲ့ပြီး ယမန်နှစ်အလားတူကာလထက် ၁ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ ချိန်ညှိပြီး အတိုးနှင့် အခွန်မဆောင်မီ ဝင်ငွေ (EBIT) သည် အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံရှိပြီး ယမန်နှစ်အလားတူကာလနှင့် တူညီကြောင်း သိရသည်။

ဖို့ဒ်ကားထုတ်လုပ်ရေးကုမ္ပဏီက ၂၀၂၅ ခုနှစ် တစ်နှစ်လုံးအတွက် ကြိုတင်ခန့်မှန်းချက်များအရ ချိန်ညှိပြီး EBIT ဒေါ်လာ ၆ ဘီလီယံမှ ၆ ဒသမ ၅ ဘီလီယံ၊ ချိန်ညှိပြီး ငွေသားစီးဆင်းမှုပမာဏ ဒေါ်လာ ၂ ဘီလီယံမှ ၃ ဘီလီယံနှင့် အရင်းအနှီးအသုံးစရိတ် ဒေါ်လာ ၉ ဘီလီယံဝန်းကျင်ရှိမည်ဟု သိရသည်။

မိမိတို့သည် ပိုမိုအားကောင်းပြီး လုပ်ငန်းသွက်လက်မြန်ဆန်သည့် ကုမ္ပဏီတစ်ခုအဖြစ် ၂၀၂၆ ခုနှစ်ကို ဦးတည်သွားနေကြောင်းနှင့် ပိုမိုကောင်းမွန်သည့် အရာများအပေါ် ဆက်လက်အာရုံစိုက်သွားမည်ဖြစ်ပြီး သုံးစွဲသူတွေအတွက် ကြီးမားသည့်တန်ဖိုးများ ဖန်တီးပေးသွားမည် ဖြစ်ကြောင်း ဖို့ဒ်၏ဥက္ကဋ္ဌနှင့်စီအီးအိုဂျင်ဖာလေးက ပြောကြားသည်။

ဆင်ဟွာ

## တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်း ၈၀ ဝန်းကျင်အထိ မြှင့်တင်ရန် ရည်ရွယ်

**ပေကျင်း အောက်တိုဘာ ၂၄**
၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ငါးနှစ်တာကာလအတွင်း တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်း ၈၀ ဝန်းကျင်အထိ မြှင့်တင်ရန် တရုတ်နိုင်ငံက ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း နိုင်ငံ၏ ထိပ်တန်းကျန်းမာရေးအရာရှိက ပြောကြားသည်။

၂၀၂၄ ခုနှစ်အဆုံးတွင် တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်းသည် ၇၉ နှစ်အထိ ရောက်ရှိလာခဲ့ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများကြားတွင် အံ့မခန်းအောင်မြင်မှုရရှိခဲ့ကြောင်း အမျိုးသားကျန်းမာရေးကော်မရှင် အကြီးအကဲ လိန်ဟိုင်ချောင်က ပြောကြားခဲ့သည်။

လွန်ခဲ့သော ငါးနှစ်ကျော်ကာလတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အကြီးဆုံးကျန်းမာရေးဝန်ဆောင်မှုစနစ်၊ ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစနစ်၊ ဆေးဘက်ဆိုင်ရာအာမခံစနစ်တို့ကို တည်ထောင်ခဲ့ကြောင်းနှင့် ထိုသို့လုပ်ဆောင်ခဲ့သည့်အတွက် နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူဦးရေဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင် သိသိသာသာ တိုးတက်မှုရှိခဲ့သည်ဟု လိန်က ပြောသည်။

တရုတ်နိုင်ငံသည် ရာစုနှစ်တစ်ခုအတွင်း ကပ်ရောဂါဆိုးကို ကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရသည်။ ၁၄ ကြိမ်မြောက် ငါးနှစ်စီမံကိန်း (၂၀၂၁-၂၀၂၅) စီမံကိန်းအတွင်း တရုတ်ပြည်သူများ၏ ပျမ်းမျှသက်တမ်းသည် အဆက်မပြတ် တိုးတက်လာခဲ့ကြောင်း ၎င်းအရာရှိက ပြောကြားခဲ့သည်။

ဆင်ဟွာ

## အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်စီမံကိန်းတွင် ဗီယက်နမ်နိုင်ငံက အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်

**ဟန်နွိုင်း အောက်တိုဘာ ၂၄**
ဗီယက်နမ်နိုင်ငံသည် မြောက်ပိုင်း ဘက်နင်ပြည်နယ်ရှိ ဂျီယာဘင်အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေးတွင် အမေရိကန်ဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်ထားသည်ဟု ဒေသတွင်းမီဒီယာ ဗီအင်န် အိတ်စပရက်တွင် အောက်တိုဘာ ၂၄ ရက်က ဖော်ပြထားသည်။

အဆိုပါစီမံကိန်းသည် ဟတ်တာ ၁၉၀၀ ခန့်ကျယ်ဝန်းပြီး ပြေးလမ်းလေးခုပါဝင်ကာ ၂၀၃၀ ပြည့်နှစ်တွင် ခရီးသည်သန်း ၃၀၊ ၂၀၅၀ ပြည့်နှစ်တွင် ခရီးသည်သန်း ၅၀ အထိ ဝန်ဆောင်မှုပေးနိုင်မည့်နေရာနှင့် ကုန်တင်ကုန်ချနှင့် ထိန်းသိမ်းရေးစင်တာများ အပါအဝင် အထောက်အကူပြု အဆောက်အအုံများ ပါဝင်မည်ဖြစ်သည်။

ဂျီယာဘင် အပြည်ပြည်ဆိုင်ရာလေဆိပ်သည် ဗီယက်နမ်နိုင်ငံမြောက်ပိုင်းအတွက် အဓိက အပြည်ပြည်ဆိုင်ရာလေဆိပ်အဖြစ် ဆောင်ရွက်ရန် မျှော်မှန်းထားကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ဂျီယာဘင် အပြည်ပြည်ဆိုင်ရာလေဆိပ်တည်ဆောက်မှုကို ဩဂုတ် ၁၉ ရက်က ဘက်နင်ပြည်နယ်တွင် စတင်ခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နေအိမ် ၅၉၁ လုံး ပျက်စီး

**ကိုလံဘို အောက်တိုဘာ ၂၄**
သီရိလင်္ကာနိုင်ငံ၌ လက်ရှိတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် လူပေါင်း ၂၁၀၀၀ ကျော် ထိခိုက်ခဲ့ရကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုစင်တာ (ဒီအမ်စီ) က အောက်တိုဘာ ၂၄ ရက်တွင် ပြောကြားသည်။

ဆိုးရွားပြင်းထန်သည့် ရာသီဥတုကြောင့် မိသားစု ၅၃၆၁ စုမှ လူပေါင်း ၂၁၇၇၈ ဦးကို ထိခိုက်ခဲ့ရပြီး လူလေးဦးသေဆုံးခဲ့ကြောင်း၊ နေအိမ် ၅၉၁ လုံးမှာလည်း ပျက်စီးသွားကြောင်း ဒီအမ်စီက ပြောကြားသည်။ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် အဓိက ရေလှောင်ကန် ၁၅ ခုမှာလည်း ရေလျှံခဲ့ကြောင်း ဆည်မြောင်းဌာနက ပြောကြားသည်။

ဆင်ဟွာ



## တူကီယဲနိုင်ငံ ကမ်းရိုးတန်း၌ လှေတိမ်းမှောက်မှုကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၁၄ ဦးထက်မနည်းသေဆုံး

**အစ္စတန်ဘူလ် အောက်တိုဘာ ၂၄**
တူကီယဲနိုင်ငံ အနောက်တောင်ပိုင်း မူဂလာပြည်နယ် အေဂျီယံပင်လယ်၌ အောက်တိုဘာ ၂၄ ရက်က ရော်ဘာလှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားသဖြင့် ရွှေ့ပြောင်းနေထိုင်သူ ၁၄ ဦးထက်မနည်း သေဆုံးကြောင်း မူဂလာအုပ်ချုပ်ရေးမှူးရုံးက ထုတ်ပြန်ထားသည်။

ရွှေ့ပြောင်းနေထိုင်သူ ၁၈ ဦးကို တင်ဆောင်လာသည့် အဆိုပါလှေမှာ ထွက်ခွာပြီး ၁၀ မိနစ်ခန့်အကြာတွင် ပြည်နယ်အတွင်း အေဒါဘာနူဧရိယာအနီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အာဖဂန်နိုင်ငံသားတစ်ဦးက ကမ်းစပ်သို့ ရောက်ရှိရန်စီမံခဲ့ပြီး ကမ်းခြေစောင့်လှေများနှင့် အထူးရေငုပ်အဖွဲ့ကို စေလွှတ်ရန် အကူအညီတောင်းဆိုခဲ့ကြောင်း သိရသည်။

ကယ်ဆယ်ရေးအဖွဲ့များက နောက်ထပ်အသက်ရှင်ကျန်သူကို တွေ့ရှိခဲ့ရာ စုစုပေါင်းကယ်ဆယ်နိုင်သူ နှစ်ဦးရှိကြောင်း၊ သေဆုံးသူ ၁၄ ဦးကိုလည်း ပြန်လည်တွေ့ရှိခဲ့ကြောင်း အုပ်ချုပ်ရေးမှူးရုံးက ဆက်လက်ပြောကြားသည်။ ပျောက်ဆုံးနေသူများကို ရဟတ်ယာဉ်တစ်စင်း ဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံ၌ ဝက်ဝံတိုက်ခိုက်ခံရမှုများ၏ ၇၀ ရာခိုင်နှုန်းမှာ လူများနေထိုင်ရာအရပ်တွင်ဖြစ်ပွားခြင်းဖြစ်

**တိုကျို အောက်တိုဘာ ၂၄**
ဂျပန်နိုင်ငံ၌ လူများအား ဝက်ဝံတိုက်ခိုက်ခံရခြင်း၏ ၇၀ ရာခိုင်နှုန်းမှာ လူများ နေ့စဉ်သွားလာလှုပ်ရှားရာနေရာများတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း လေ့လာမှုတစ်ခုအရ သိရှိရကြောင်း ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

အောက်တိုဘာလ အစပိုင်းမှစ၍ အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းအထိ ဂျပန်နိုင်ငံတစ်ဝန်း ပြည်နယ် ၁၂ ခုတွင် ဝက်ဝံ တိုက်ခိုက်ခံရမှုကြောင့် ဒဏ်ရာရရှိသူ ၆၄ ဦးရှိပြီး သေဆုံးသူလေးဦးရှိကြောင်း အင်န်အိတ်ချ်ကေတွင် ဖော်ပြထားသည်။

သစ်တောနှင့် သစ်တောထွက်ကုန်များ အင်စတီကျုမှ ကျွမ်းကျင်သူတစ်ဦးဖြစ်သူ နာအိုကီ အိုနီရှိက လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ရာ အဆိုပါ ဝက်ဝံတိုက်ခိုက်ခံရမှုများ၏ ၆၈ ရာခိုင်နှုန်းမှာ လူနေထိုင်ရာ ရပ်ကွက်များနှင့် လယ်ယာကွင်းများအပါအဝင် လူများ သွားလာလှုပ်ရှားရာ နေရာများတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ဝက်ဝံတိုက်ခိုက်ခံရမှု ၃၃ ခုမှာ ဝက်ဝံများကြိုက်နှစ်သက်သည့် အစားအစာများရှိသည့် စိုက်ပျိုးဧရိယာတွင်ဖြစ်သည်ဟု လေ့လာမှုအရ သိရသည်။ ဝက်ဝံများကို မကြာခဏ တွေ့မြင်နေရသည့် နေရာများ၌ နေထိုင်ကြသူများကို ဒီဇင်ဘာလ တစ်လျှောက်တွင် သတိထားနေထိုင်ကြရန်၊ နံနက်စောစောအချိန် လမ်းလျှောက်ခြင်းကို ရှောင်ကြဉ်ပြီး ညပိုင်း၌ အနီးအနားရှိ စတိုးဆိုင်များကိုသာ သွားလာသင့်ပြီး မော်တော်ယာဉ်များဖြင့်သာ သွားလာသင့်ကြောင်း ၎င်းက ဆက်ပြောသည်။

စွန့်ပစ်ထားသည့် လယ်ယာမြေများနှင့် လူမနေသည့် အိမ်များသည် ဝက်ဝံများ အလွယ်တကူ ခိုအောင်းနေထိုင်နိုင်သည့် နေရာများဖြစ်ကြောင်း အိုနီရှိက သတိပေးခဲ့သည်။

ဆင်ဟွာ



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့အား ကြိုဆို၊ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံ




**မန္တလေး အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံသို့ အောက်တိုဘာ ၁၉ ရက်က ရောက်ရှိနေသော ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ယနေ့နံနက်ပိုင်းက မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုခဲ့ကြသည်။

အဆိုပါအဖွဲ့သည် MAI လေကြောင်းလိုင်းဖြင့် ညောင်ဦးခရိုင် ညောင်ဦးလေဆိပ်မှ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာပြီး မန္တလေးမြို့မှတစ်ဆင့် ပြင်ဦးလွင်မြို့သို့ ဆက်လက်ထွက်ခွာကာ အမျိုးသားကန်တော်ကြီးဥယျာဉ်၊ ကိုလိုနီခေတ်ရှေးဟောင်းအဆောက်အအုံများနှင့် အထင်ကရနေရာများသို့ လေ့လာလည်ပတ်သည်။

ညပိုင်းတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး Ms. Anna Sergeevna Vinnikova ဦးဆောင်သောအဖွဲ့အား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တက်ရောက်ကြပြီး အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာ တက္ကသိုလ် (မန္တလေး)မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တာဝန်ရှိသူများက ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အနုပညာရှင်အဖွဲ့ကိုလည်း ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဗိမာန်စာမူဆု၊ ကလေးစာပေ ပထမဆုရရှိသည့် စာရေးဆရာ ကနောင်နိုင်နွယ်ဦး၏ "လမင်းမျက်နှာ ပန်းမျက်နှာ ကလေးကဗျာများ"စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် ကဗျာပုဒ်ရေ ၇၉ ပုဒ် ပါဝင်သည်။ ကိုယ်ကျင့်ကောင်းမွန် လူရည်ချွန်၊ မျိုးချစ်တွေးကြွယ် ကလေးငယ်၊ ရာသီအလှသဘာဝ၊ ပျော်ရွှင်ကျန်းမာ သင်ခန်းစာ၊ ယဉ်ကျေးလိမ္မာ တို့ရိုးရာ၊ ရှာဖွေအမှန် စာပေဘဏ်၊ စည်းလုံးချစ်ကြည် တို့တိုင်းပြည်၊ သုတရသ လေ့လာကြဟူ၍ အခန်းရှစ်ခန်းခွဲပြီး ရေးဖွဲ့တင်ပြထားသည်။ ဗုဒ္ဓဘာသာဝင် မြန်မာကလေးငယ်များသည် ရတနာမြတ်သုံးပါးနှင့် အနန္တောအနန္တငါးပါးတို့ကို ကြည်ညိုလေးစားထိုက်ပုံ၊ မြန်မာမျိုးချစ် ပုဂ္ဂိုလ်ကြီးများပေါ်ပေါက်လာပုံ၊ ကျေးလက်တောရွာတို့၏ လှပပုံ၊ ယဉ်ကျေးမှုဓလေ့များကို မြတ်နိုးသင့်ပုံ၊ ကလေးတို့၏ အတွေးအမြင် ဉာဏ်ပညာမြင့်မားရေးအတွက် စာကြည့်တိုက်ကို အားကိုးသင့်ပုံတို့ကို ရွတ်ဆိုရလွယ်ကူသော အသုံးအနှုန်း၊ အသံတို့ဖြင့် သာယာနာပျော်ဖွယ်ဖြစ်အောင် ရေးသားထားသည်ကို တွေ့ရသည်။

အဆိုပါ စာအုပ်ကို ရောင်းဈေး ကျပ် ၄၅၀၀ ဖြင့် အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈)၊ အမှတ် (တ- ၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၀၉-၄၄၉၅၄၀၆၆၇)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန (ဖုန်း ၀၁၈-၂၄၉၀၃၁၊ ၀၁၈-၃၈၁၄၄၈) သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကလေးမြို့ပေါ်ရှိ ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ခရိုင်မီးသတ်ဦးစီးမှူး ဦးဘိုဘိုလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဘွဲ့မောင်ထန်နှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၃ ရက်က မီးငြိမ်းသတ်ရေးသုံးပစ္စည်းကိရိယာများ ကြိုတင်ထားရှိမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

## ရှမ်းပြည်နယ်၌ ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ အောက်တိုဘာ ၂၄**

ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဦးမင်းမင်းလွင်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေဝင်းအောင်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံတို့သည် တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၃ ရက်က ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် ဟိုတယ်ဇုန်ရှိ Inle Garden Hotel သို့ ရောက်ရှိပြီး အင်းလေးဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် စံကားတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသည့် ဒေသခံပြည်သူများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးရုံဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ (ဓါတ်ပုံ)



ယင်းနောက် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် စံကားအခြေခံပညာအထက်တန်းကျောင်းနှင့် မှော်ဘီအခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ သွားရောက်၍ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးများနှင့်အဖွဲ့သည် နန်းပန်မြို့ ပြည်သူ့ဆေးရုံနှင့် အားကစားရုံများကို သွားရောက်ကြည့်ရှု၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ၌ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

**ပျော်ဘွယ် အောက်တိုဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပေကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကြံ့နှစ်ကောင် ဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေး ဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ကျော်ဆွေလင်း၊ ရမည်းသင်းမြို့နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ရဲမြတ်သူ၊ ရမည်းသင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့်အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ပညာရေးဌာန (စီမံ၊ညွှန်မှူး) ဦးအောင်ဆွေဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအာကာစိုးနှင့် ကြံ့နှစ်ကောင်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ဗည်းကျောက်စာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနားကို ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး ပညာရေးဌာန (စီမံ၊ ညွှန်မှူး) ဦးအောင်ဆွေဦးက ဖောင်ဒေးရှင်း တာဝန်ရှိသူများထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ဖောင်ဒေးရှင်းတာဝန်ရှိသူများက ကျောင်းဆောင်သစ်နှင့်ပတ်သက်သော စာရွက်စာတမ်းများကို ရမည်းသင်းခရိုင် ပညာရေးမှူးထံ ပေးအပ်သည်။

**မြို့နယ်(ပြန်/ဆက်)**



## မြစ်သားမြို့နယ်၌ ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မြစ်သား အောက်တိုဘာ ၂၄**

မြစ်သားမြို့နယ်အတွင်း ငါးရိက္ခာဖူလုံစေရန်၊ သဘာဝရေသယံဇာတများကို အကျိုးရှိစွာ အသုံးပြုနိုင်ရန်၊ သဘာဝရေပြင်များတွင် ငါးမျိုးများ ပြန်လည်တည်တံ့စေရန်နှင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းတွင် ကူမဲငါးလုပ်ငန်းဦးစီးဌာနက လျာထားချက်ပြည့်မီရေးအတွက် ဘူတာရပ်ကွက်အနီးရှိ ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါနေရာ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်တာဝန်ခံဒေါ်ဝေဝေ၊ မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ ကူမဲနှင့် မြစ်သားမြို့နယ်အဆင့်ဌာနဆိုင်ရာများက ပန်းလောင်မြစ်အတွင်း ငါးမြစ်ချင်းကောင်ရေ ၂၅၀၀၀၀ အား ပန်းလောင်မြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **မြစ်သား(ပြန်/ဆက်)**

## မုံရွာမြို့၌ စပါးသီးနှံအာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှုလက္ခဏာများ နည်းပညာပေးသင်တန်းဖွင့်

မုံရွာ အောက်တိုဘာ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး မြေအသုံးချရေးဌာနခွဲမှ ဦးဆောင်ပြီး တိုင်းဒေသကြီးအတွင်း စပါးသီးနှံအာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှုလက္ခဏာများ နည်း ပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၂ ရက်က မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး မြေ၊ မျိုး၊ ပိုးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဦးစီးမှူးက စပါးပင်အာဟာရဓာတ်ဖြည့်သွင်းမှုနှင့် စံကွက်ရိတ်သိမ်းမှုနည်းစနစ်များကိုလည်းကောင်း၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ထွေးဝင်းက အရွက်အရောင်တိုင်းကတ် (LCC)အသုံးပြု၍ နိုက်ထရိုဂျင် အာဟာရဓာတ်လိုအပ်ချက်တိုင်းတာမှုများကိုလည်းကောင်း၊ ဦးစီးအရာရှိ ဒေါ်ဖြူဇာဝင်းက စပါးသီးနှံ အာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှု လက္ခဏာဆိုင်ရာ နည်းပညာများကို ရှင်းလင်းဆွေးနွေးပို့ချခဲ့ပြီး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။

ခရိုင်(ပြန်/ဆက်)



## မြို့နယ်ရွေးကောက်ပွဲဥပဒေဆိုင်ရာအသိပညာပေး ဟောပြော

ကိုကိုးကျွန်း အောက်တိုဘာ ၂၄

ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ အောက်တိုဘာ ၂၂ ရက်က ရွေးကောက်ပွဲဥပဒေဆိုင်ရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဦးငြိမ်းဝေယံက ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအကြောင်းကို ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ မြို့နယ် ဥပဒေအရာရှိ ဦးကောင်းဆက်ဦးက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို နှောင့်ယှက်ဖျက်ဆီးခြင်းနှင့်ပတ်သက်၍ ချမှတ်ထားသည့် ပြစ်မှုပြစ်ဒဏ် ဥပဒေများအကြောင်းကို ရှင်းလင်းဟောပြောသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## ပြည်မြို့၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

ပြည် အောက်တိုဘာ ၂၄

တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ပြည်မြို့ နဝင်းရပ်ကွက်၌ အောက်တိုဘာ ၂၁ ရက်က ဒေသခံပြည်သူများအား ကျန်းမာရေး ကုသစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ကြသည်။



**ဆေးဝါးကုသမှုများ ဆောင်ရွက်**

ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန၊ ပြည်ခရိုင် တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ (၂၅)ခုတင်ဆံ့ ပြည်တိုင်းရင်း ဆေးကုဌာနမှ ဝန်ထမ်းများ၊ ဆေးရုံနှင့် ပြည်မြို့နယ်တိုင်းရင်း မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာ တိုင်းဒေသကြီးအသင်းခွဲ(ပဲခူး)နှင့် ခရိုင်အသင်းခွဲ(ပြည်)တို့ ပါဝင်သောအဖွဲ့က ပြည်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ အဖွဲ့တို့နှင့် ပူးပေါင်းကာ ပြည်မြို့ နဝင်းရပ်ကွက် ဗာရာဏသီကျောင်းတိုက်၌ ဒေသခံပြည်သူ ၁၉၄ ဦးတို့အား ကျန်းမာရေး စစ်ဆေးပေးခြင်း၊ အရိုးနှင့် အကြောဆိုင်ရာ ရောဂါများ အပါအဝင် အထွေထွေ ကျန်းမာရေး စောင့်ရှောက်မှုများနှင့် လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ကိုဆက်(ပြန်/ဆက်)

## တနိုင်းမြို့နယ် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် အကြိုပြိုင်ပွဲများကျင်းပ

တနိုင်း အောက်တိုဘာ ၂၄

တနိုင်းမြို့နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြိုပြိုင်ပွဲများကို အောက်တိုဘာ ၂၂ ရက်က အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ ခေါင်းဆောင်များက ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်များနှင့် ပြိုင်ပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများက ပါဝင်ယှဉ်ပြိုင်ကြသည်။ အောက်တိုဘာ ၂၃ ရက်တွင် အားကစားပြိုင်ပွဲများ၊ စကားပုံဆက်ပြိုင်ပွဲများ၊ စာအုပ်စာစောင်နှင့်ရုံကပ်စာစောင်ပြပွဲများနှင့် သင်ထောက်ကူ ပြခန်းများ ဆက်လက်ကျင်းပခဲ့သည်။

မနော(တနိုင်း)



## သာယာဝတီမြို့နယ်၌ မိုးစပါးရိတ်သိမ်းမှု တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှု

သာယာဝတီ အောက်တိုဘာ ၂၄

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော သမဝါယမအသင်းသားတောင်သူ ဦးနောင်နောင်၏ မိုးစပါးသီးနှံ အောင်နိုင်တိုးမျိုးစပါး ရိတ်သိမ်းမှုအခြေအနေကို ယမန်နေ့က သာယာဝတီမြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီမြို့နယ်အတွင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်ထားသည့် အသင်း ငါးသင်း၊ အသင်းသားတောင်သူ ၂၃ ဦး၏ မိုးစပါးသီးနှံစိုက်ပျိုးဧက ၂၀၀၀ အနက် တောင်ပန်းဆွဲအုပ်စု တောင်ပန်းဆွဲကျေးရွာရှိ ပုလဲသွယ်(၁)စိုက်ပျိုးရေးနှင့် အထွေထွေ လုပ်ငန်းသမဝါယမအသင်းမှ တောင်သူ ဦးနောင်နောင်၏ အောင်နိုင်တိုး (YSR-1) စပါး ဧက ၂၀ ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးတင်းအထွက်နှုန်း တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်းနှင့် တာဝန်ရှိသူများက အခြားလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

## ပန်းတောင်းမြို့နယ်၌ မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေး

ပန်းတောင်း အောက်တိုဘာ ၂၄

ပန်းတောင်းမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက မကူးစက်တတ်သောရောဂါများနှင့်ပတ်သက်၍ ဖြစ်ပွားမှုနှုန်း၊ အန္တရာယ်နှင့် ကာကွယ်ကုသနည်းများကိုသိရှိစေရန် အောက်တိုဘာ ၂၂ ရက်က ဥဩချစ်ပင်ကျေးလက်ကျန်းမာရေးဌာန၌ အသိပညာပေးဆွေးနွေးခဲ့သည်။



**စမ်းသပ်ကုသ**

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်က မကူးစက်တတ်သောရောဂါများဖြစ်သော သွေးတိုး၊ ဆီးချို၊ နှလုံး စသည့်ရောဂါများအကြောင်း၊ ရောဂါဖြစ်ပွားရသည့်အဓိကအကြောင်းရင်းများ၊ နောက်ဆက်တွဲဆိုးကျိုးများ၊ ကာကွယ်ကုသခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးအကြံပြုခဲ့ပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလတ်သူသူကျော်နှင့် ဥဩချစ်ပင်မြို့ကျေးလက်ကျန်းမာရေးဌာန ဝန်ထမ်းများက ဆီးချို၊ သွေးတိုး လူနာ ၄၁ ဦးအား အခမဲ့စမ်းသပ်ကုသပေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လပြည့်လင်း(ပြန်/ဆက်)



## မိုင်းယန်းမြို့နယ်၌ မိုးစပါး ဆင်းရွှေဝါ စပါးမျိုးစံပြစိုက်ကွက် ရိတ်သိမ်း

မိုင်းယန်း အောက်တိုဘာ ၂၄

မိုင်းယန်းမြို့နယ် ယန်းခိုင်ကျေးရွာ၌ စိုက်ပျိုးထားသော မိုးစပါး(ဆင်းရွှေဝါ) စပါးမျိုးစံပြစိုက်ကွက် ရိတ်သိမ်းခြင်းကို အောက်တိုဘာ ၂၂ ရက်က ယန်းခိုင်ကျေးရွာနေ ဦးပိုင်တောင်သူ ဦးအိုက်ဆမ်၏ လယ်မြေ၌ ဆောင်ရွက်သည်။

အဆိုပါ မိုးစပါးစိုက်ကွက်ရိတ်သိမ်းမှုကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများက ကြည့်ရှုခဲ့ပြီး ယန်းခိုင်အနောက်ကွင်း ကွင်းအမှတ်(၅/၂) ဦးပိုင်တောင်သူ ဦးအိုက်ဆမ်၏ လယ် ၂ ဒသမ ၆၆ ဧကအတွင်း မိုးစပါး(ဆင်းရွှေဝါ) စပါးမျိုးစံပြစိုက်ကွက်တွင် အထွက်နှုန်းစပါးအစို အထွက်တင်း ၁၃၂ ဒသမ ၇၇ တင်း ထွက်ရှိကြောင်း သိရသည်။

ထွန်းထွန်းထူး

## ပန်းဘဲတန်းမြို့နယ်၌ ပလတ်စတစ် အမှိုက်အန္တရာယ် အသိပညာပေး

ရန်ကုန် အောက်တိုဘာ ၂၄

ပန်းဘဲတန်းမြို့နယ်ရုံး လူထုအခြေပြုဗဟိုဌာန၌ အောက်တိုဘာ ၂၂ ရက်က ဂေဟစနစ်ကို ပျက်စီးစေသော ပလတ်စတစ် အမှိုက်အန္တရာယ်အသိပညာပေး Talk Show ပြုလုပ်သည်။

အဆိုပါ အသိပညာပေးရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိအိမြတ်က Talk Show ပြုလုပ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး စာရေးဆရာမ ပေါက်ပေါက်က ဂေဟစနစ်ကိုပျက်စီးစေသော ပလတ်စတစ်အမှိုက်များအန္တရာယ်ကြောင့် ရေ၊ မြေ၊ လေ ညစ်ညမ်းမှုများဖြစ်ပွားပြီး လူသားများ၏ ကျန်းမာရေးဆိုးကျိုးဆက်စပ်မှုများနှင့် ပလတ်စတစ်အိတ် လျှော့နည်းသုံးစွဲသင့်ကြောင့် ဆွေးနွေးကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကန့်ဘလူမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ကန့်ဘလူ အောက်တိုဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကန့်ဘလူမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်း ငါးမျိုး ပေးအပ်ပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက ကန့်ဘလူမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာ ပြည်သူများအား ထောက်ပံ့ပစ္စည်းပေးအပ်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ထောက်ပံ့ပစ္စည်း ငါးမျိုးဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကြာဆံတို့ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများအား ပေးအပ်ကြသည်။ အဆိုပါအခမ်းအနားတွင် ကန့်ဘလူမြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ရက် ၃၀ စာ လူတစ်ဦးလျှင် ဆန်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် ကြာဆံတို့ကို အိမ်ထောင်စု စုစုပေါင်း ၃၁၆၆ စုအတွက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## သမဝါယမအသင်းသားများ၏ မိုးစပါးစိုက်ပျိုးမှု ကွင်းဆင်းကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၂၄**

နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က လယ်ဝေးမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသားများ၏ မိုးစပါးတွင် အောင်နိုင်တိုးစပါးမျိုး စိုက်ပျိုးဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ကွင်းဆင်း ကြည့်ရှုစဉ် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ် မိုးစပါးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးကေအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီစေရန် ဦးစီးဌာနမှ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်ပြီး အသင်းသား တောင်သူများက မိမိတို့၏လယ်ယာမြေများ ယခင်နှစ်များထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းပါဝင် ဆောင်ရွက်စေလိုကြောင်း၊ အဖျက်ပိုးမွှားများ အန္တရာယ်မှ ကာကွယ်နိုင်ရေးအတွက် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးနှင့် မြေဩဇာ စသည့်သွင်းအားစုများကို နည်းစနစ် မှန်ကန်စွာ စံချိန်စံညွှန်းများအတိုင်း အသုံးပြုစေလိုကြောင်း၊ ယခုအချိန်သည် အလံရှက်ထွက်ချိန်ဖြစ်၍ မြေဩဇာကျွေးလုပ်ငန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာနက စဉ်ဆက်မပြတ် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ကြီးကြပ်ပေါင်းစပ် ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်( ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်၌ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**ရွှေတောင် အောက်တိုဘာ ၂၄**

ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၃ ရက်က ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ဖြိုးဖြိုးအောင်က အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု



ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေး၍ သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ဆိပ်ကြီးခနောင်တိုမြို့နယ်၌ လူငယ်စကားဝိုင်းနှင့် ပြိုင်ပွဲ၊ ပြပွဲများ ပြုလုပ်

**ဆိပ်ကြီးခနောင်တို အောက်တိုဘာ ၂၄**

ဆိပ်ကြီးခနောင်တိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် လူငယ်စကားဝိုင်းကို အောက်တိုဘာ ၂၂ ရက်က အခြေခံပညာအထက်တန်းကျောင်း (အထက-ခနောင်တို) အောင်ဆန်းခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးရဲမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ဦးက စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက (ခနောင်တို) Grade-10 မှ ကျောင်းသားကျောင်းသူ ငါးဦးက လူငယ်နှင့်စာပေ၊ လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်အားကစား စသည့် ခေါင်းစဉ်တို့ဖြင့် ဆွေးနွေး ပြောကြားကြပြီး လူငယ်စကားဝိုင်းနှင့် စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ဝေယံ(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**မြစ်သား အောက်တိုဘာ ၂၄**

မြစ်သားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၂၂ ရက်က မြို့မ (အထက) ကျောင်း၌ ကျင်းပသည်။

ဦးစွာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က လူငယ်ရေးရာဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကာ လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောပြီး မြို့နယ်ဥပဒေအထောက်အကူပြုရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးခိုင်က လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။

**ဝါဝါမြင့် (မြစ်သား)**



## ခရမ်းမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ခရမ်း အောက်တိုဘာ ၂၄**

ခရမ်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်သည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသက်ဇော်နှင့် သန်လျင်ခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးစီးအရာရှိ(မြို့ပြ)၊ အရည်အသွေးစစ်ဆေးရေးတာဝန်ခံတို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရမ်း(ပြန်/ဆက်)**

## ကသာမြို့နယ်၌ မဲပေးစက်အသုံးပြုနည်း ဆင့်ပွားသင်တန်းဖွင့်

**ကသာ အောက်တိုဘာ ၂၄**

မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြုနည်းစနစ်အဆင့်ဆင့်နှင့် စပ်လျဉ်းသည့် သင်တန်းနှင့် လက်တွေ့စမ်းသပ်ဆန္ဒမဲပေးခြင်း အခမ်းအနားများကို ကသာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မင်းဦးက MEVM စက်အကြောင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် တည်ဆောက်ပုံနည်းလမ်းများ၊ စက်တပ်ဆင်ပုံ၊ စမ်းသပ်မဲပေးပုံ၊ ဖြန့်ခွဲပုံ၊ ရွေးကောက်ပွဲနေ့တွင် မဲရုံ၌ မဲပေးစက်တပ်ဆင်ခင်းကျင်းပုံ၊ မဲရလဒ်ရေတွက်ပုံ၊ နည်းဥပဒေပါအတိုင်း မဲရလဒ်စာရင်းပြုစုပုံ၊ မဲပေးစက်အား ပြန်လည်ထုပ်ပိုးသိမ်းဆည်းပုံတို့ကို သင်ကြားပြသပေးသည်။

MEVM စက်ကိုင်တွယ်အသုံးပြုနည်း ဆင့်ပွားသင်တန်းကို အောက်တိုဘာ ၂၄ ရက်မှ ၂၆ ရက်အထိ စာတွေ့လက်တွေ့ ဖွင့်လှစ်သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



မိုင်းပျဉ်းမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီး ဦးသူရမောင်နှင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ်ကင်းရှင်းရေး အောက်တိုဘာ ၂၄ ရက်က မြို့မဈေးနှင့် ဌာနဆိုင်ရာရုံးများသို့ ကွင်းဆင်းဆောင်ရွက်စဉ်။

နန်းသန္တာဦး(ပြန်/ဆက်)

## ကျောက်ဆည်မြို့နယ်၌ မိုးမြေပဲ ရိတ်သိမ်း တစ်ဧက ၇၂ ဒသမ ၂၀ တင်း ထွက်ရှိ

**ကျောက်ဆည် အောက်တိုဘာ ၂၄**

ကျောက်ဆည်မြို့နယ်၌ တောင်တော်ကျေးရွာ ကွင်းအမှတ် (၂၅၅ က) ဦးပိုင်အမှတ်(၆) တောင်သူ ဦးသာအောင် စိုက်ပျိုးထားသော ဆင်းပဒေသာ-၁၁ ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်ပျိုးထားသည့် မိုးမြေပဲစိုက်ခင်းကို ရိတ်သိမ်းရာ တစ်ဧက ၇၂ ဒသမ ၂၀ တင်း ထွက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် ၂၀၂၅ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၄**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (၂၀၂၅) (Global Media and Information Literacy Week–2025) အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်နှင့် တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီ အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူး ဒေါက်တာကျော်လွင်၊ ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။




ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ စာအုပ်များ ပေးအပ်လှူဒါန်း၍ အသိပညာပေးဟောပြောသည့် ဒေါက်တာကျော်ကျော်လင်းအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်သည်။ ယင်းနောက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ဝေဖန်သုံးသပ်ခွဲခြားသည့် ပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ထို့နောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Webpage တွင် ကမ္ဘာ့မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ ရက်သတ္တပတ် (Global Media and Information Literacy Week–2025) အထိမ်းအမှတ် မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုဆိုင်ရာ ပညာပေး Content လွှင့်တင်ထားရှိမှုကို မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အခြေခံပညာဦးစီးဌာန တိုင်းပညာရေးမှူးတို့က ဖွင့်လှစ်ကြသည်။

ယင်းနောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဒေါက်တာကျော်ကျော်လင်းက Artificial Intelligence (AI) နည်းပညာဖြစ်ပေါ်လာပုံ၊ MIL in Myanmar Transition ၊ နည်းပညာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ တီထွင်ဖန်တီးနိုင်မှု၊ စိန်ခေါ်မှုများ၊ AI နည်းပညာနှင့် မီဒီယာဆက်စပ်မှု၊ သတင်းတု၊ သတင်းမှား၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုးတို့နှင့် စပ်လျဉ်း၍ အသိပညာပေးဟောပြောခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုနှင့် AI နည်းပညာ၏ အရေးပါပုံနှင့်စပ်လျဉ်း၍ အပြန်အလှန်မေးခွန်းများ မေးမြန်းဖြေကြားကြပြီး အဖြေမှန်ရရှိသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ရတနာထွန်း



## ဖယ်ခုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်

**ဖယ်ခုံ အောက်တိုဘာ ၂၄**

ဖယ်ခုံမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းသင်တန်းဖွင့်ပွဲကို ယမန်နေ့က ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သင်က မဲပေးစက်နှင့်ပတ်သက်၍ ပြောကြားသည်။ ထို့နောက် မြို့နယ်ပညာရေးမှူး ဦးလှမြင့်က ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များ ပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ဖြူဦးက မဲပေးစက်ကိုင်တွယ်အသုံးပြုနည်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ မဲပေးစက်ကိုင်တွယ် အသုံးပြုနည်းအား လက်တွေ့သရုပ်ပြသည်။

မြို့နယ်(ပြန်/ဆက်)



## ဟသ်ာတမြို့နယ်၌ ဆင်းသုခစပါးမျိုး မိုးစပါး စံကွက်ရိတ်သိမ်း

**ဟသ်ာတ အောက်တိုဘာ ၂၄**

ဟသ်ာတမြို့နယ် ကံလှကျေးရွာ အမှတ်(၂) မြို့ရှောင်လမ်းဘေးရှိ ကွင်းအမှတ် (၁၄၆၃) ဦးပိုင်အမှတ် (၁၁၃)ရှိ တောင်သူ ဦးကိုဌေး ပိုင်လယ်မြေ ရှစ်ဧက၌ စိုက်ပျိုးထားသော ဆင်းသုခစပါးမျိုး မိုးစပါး စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၃ ရက်က ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကော်မတီ အတွင်းရေးမှူး ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းမှုတွင် တစ်ဧကလျှင် စပါးအစို ၁၀၅ ဒသမ ၆ တင်းနှင့် စပါးအခြောက် ၁၀၂ ဒသမ ၂၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ အင်းစိန်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှုစစ်ဆေး

**ရန်ကုန် အောက်တိုဘာ ၂၄**

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် အောက်တိုဘာ ၂၃ ရက်တွင် အင်းစိန်မြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများ၊ တိုးတက်သုံးစွဲလာမည့်ဓာတ်အား လိုအပ်ချက်များအတွက် တိုးချဲ့တည်ဆောက်ရမည့် အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။



ဦးစွာ အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ ရောက်ရှိ၍ မြို့နယ်ရုံး လုပ်ငန်းဆောင်ရွက်ထားမှုများ၊ ဓာတ်အားပျောက်ဆုံးမှု၊ အများပြည်သူထံမှဓာတ်အားခကောက်ခံနေမှုနှင့် လက်ရှိဓာတ်အားဖြန့်ဖြူးထားသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၃၀ ကေဗွီ ရွာမဓာတ်အားပေးစက်ရုံသို့ ရောက်ရှိ၍ ယင်းစက်ရုံမှ ၆၆ ကေဗွီ၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီစနစ်များဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေသည့် အခြေအနေ၊ ၂၃၀/၆၆ ကေဗွီ ပင်မထရန်စဖော်မာ နှစ်လုံးမှ တိုးချဲ့ဓာတ်အားဖြန့်ဖြူးပေးမည့် ၆၆ ကေဗွီ ဖီဒါများ ပြောင်းလဲဓာတ်အားပေးရန် အစီအစဉ်များကို စက်ရုံမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ၆၆ ကေဗွီ သစ်တောကွန်ပျူတာ ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဓာတ်အားဖြန့်ဖြူးထားမှုကို ကြည့်ရှုစစ်ဆေးကာ ဖီဒါအလိုက် မီတာများ တပ်ဆင်၍ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး ဆောင်ရွက်ရန်နှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်ရန် မှာကြားပြီး ယင်းမြို့နယ်အတွင်း ဓာတ်အားတိုးတက် သုံးစွဲလာနိုင်သည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင် (YESC)

# ကျောင်းကုန်းမြို့နယ်၌ ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေး နည်းပညာပေး ဆွေးနွေး



**ကျောင်းကုန်း အောက်တိုဘာ ၂၄**

ကျောင်းကုန်းမြို့နယ် တံခွန်တိုင်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ပြည်ပပို့ကုန်သီးနှံထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးနှင့် ပိုးသတ်ဆေး စနစ်တကျကိုင်တွယ်သုံးစွဲရေး နည်းပညာပေးဆွေးနွေးပွဲကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး သီးနှံကာကွယ်ရေး တာဝန်ခံ ဒေါ်မြင့်မြင့်နွယ်က ပြည်ပပို့ကုန် သီးနှံများဖြစ်သည့် ဆန်၊ ပဲတီစိမ်းနှင့်မတ်ပဲများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများ မပါရှိစေရေးအတွက် ပိုးသတ်ဆေးကို စနစ်တကျကိုင်တွယ်အသုံးပြုနိုင်စေရေး နည်းပညာပေး ပို့ချပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဝင်းကြိုင်(ပြန်/ဆက်)



လယ်ဝေးမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်အောင် ကြီးကြပ်မှုဖြင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၂၃ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ဟားခါးမြို့၌ တောင်သူများအတွက် ဆောင်းသီးနှံ ကြက်သွန်နီ (ရွှေဖလား) မျိုးစေ့ ပေးအပ်

**ဟားခါး အောက်တိုဘာ ၂၄**

ဟားခါးမြို့နယ်အတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးတောင်သူများအတွက် ဆောင်းသီးနှံကြက်သွန်နီ (ရွှေဖလား) မျိုးစေ့ပေးအပ်ပွဲကို အောက်တိုဘာ ၂၃ ရက်က ဟားခါးခရိုင်စုပေါင်းရုံး ချယ်ရီခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ချင်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဦးက ဆောင်းသီးနှံကြက်သွန်နီ (ရွှေဖလား) မျိုးစေ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးစံကုန်းက သဘာဝဘေးအန္တရာယ်ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးမှုများအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် လမ်သုတ်ကျေးရွာ၊ ဒင်လိုပါးကျေးရွာ၊ လုံသာရ်ကျေးရွာ၊ နီရ်လွန်းကျေးရွာနှင့် ဈေးသစ်ရပ်ကွက်များအတွက် ဆောင်းသီးနှံ ကြက်သွန်နီ (ရွှေဖလား) မျိုးစေ့များကို တာဝန်ရှိသူများက ပေးအပ်သည်။ ခရိုင်(ပြန်/ဆက်)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ရွှေပြည်သာရပ်ကွက်၊ ကွင်းအမှတ် (၇၄/၁၊ ရွှေအိုက်ကွင်း) ၊ ဦးပိုင်အမှတ်(၁၇၉၂)၊ မြေဧရိယာ (၀ဒသမ၀၅၅)ဧကရှိမြေကွက်သည် မူလက ဦးတင်ကျော်ဝင်းအမည်ဖြင့် ယာယီလိုင်စင်မြေပေးမိန့်ရရှိထားသောမြေကွက်ဖြစ်ပြီး၊ ယာယီလိုင်စင်မြေပေးမိန့်ရရှိသူ ဦးတင်ကျော်ဝင်းထံမှ ဒေါ်အမ်ရွှယ်ဆိုင်းက (၂၁-၄-၂၀၁၆)ရက်စွဲပါ အိမ်ခြံမြေနှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ယခုအခါ ဒေါ်အမ်ရွှယ်ဆိုင်း ၁/မကန (နိုင်)၀၀၀၃၆၃အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/83841, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေသီဦး ၉/မတရ(နိုင်) ၁၇၅၂၅၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၄)၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၇/ခဲလယ်တောင်)၊ ဦးပိုင်အမှတ် (၁၀၇-ခ)၊ မြေယာအမှတ်(224-B)၊ မြေဧရိယာ (၀.၀၂၁)ဧကရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်စာချုပ်နံပါတ် (၄၉၆/၂၀၀၅-၂၀၀၆)၊ ဂရန်အမှုတွဲအမှတ် (၄၂၇/၂၀၀၅-၂၀၀၆)အရ ဒေါ်စိန်(ခ)ရီရီမြ (၉/မမန(နိုင်)၀၁၆၈၄၄)မှအမည်ပေါက်သောမြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်အမည်ပေါက်သူထံမှ ဒေါ်မာဂရက်(ခ)ဒေါ်မူမူသည် ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၉၁/၂၀၁၃)ဖြင့် ဝယ်ယူခဲ့ပါသည်။ ဒေါ်မာဂရက်(ခ)ဒေါ်မူမူထံမှ အရောင်းအဝယ်အရပ် ကတိစာချုပ်ဖြင့် ဒေါ်နှင်းဦးခိုင် (၉/မဟမ(နိုင်)၀၁၁၉၆၅) မှ ထပ်မံ၍ ဝယ်ယူပြီး လက်ရှိလက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်သောကြောင့် ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါ ပိုင်ဆိုင်ထားသော မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးမြင့်အောင်က ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးမြင့်အောင်** | **ဦးထွန်းထွန်းဦး (LL.B , IP Law (WIPO)** |
| **၉/မမန(နိုင်)၀၂၄၈၉၉** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၅၇၀)** |
| **အမှတ်(၉၇)၊ ၃၅ လမ်း၊** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| **ရပ်ကွက်ကြီး(၅)၊ ပြင်ဦးလွင်မြို့။** | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

**မီးကြွင်းမီးကျန် သတိပြု**

## မော်လမြိုင်ကျွန်းမြို့ မဲရုံများ၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြ

မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်း မြို့နယ်၌ မဲရုံပြုလုပ်မည့် စာသင်ကျောင်းများ၌ မီးဘေးအန္တရာယ်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုများကို အမှတ် (၄) ရပ်ကွက်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၌ ဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်ဥက္ကဋ္ဌ ဦးသီဟန်စီ၊ အတွင်းရေးမှူး ဦးရန်မျိုးအောင်နှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများအား မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်မှုကို အောက်တိုဘာ ၂၁ ရက်က လက်တွေ့ဆောင်ရွက်ခဲ့သည်။



ရဲကိုမောင် (ပြန်/ဆက်)

အောင်မြေသာစံ မြို့နယ်အတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက်အောက်တိုဘာ ၂၃ ရက်က မေဃဂီရိရပ်ကွက်နှင့် ပုလဲငွေရောင်ရပ်ကွက်ကြားရှိညောင်ပင်ဈေးကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်နှင့် တပ်ဖွဲ့ဝင်များမီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မောင်ကျော်ကြီး






နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးမှူး ဦးရာဇာမင်းမြတ်နှင့် တပ်ဖွဲ့ဝင်များ အောက်တိုဘာ ၂၄ ရက်က မြို့ပေါ်ရပ်ကွက်များနှင့် အလျင်လိုကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာအုပ်စုတို့ရှိ ပြည်သူများအား မီးသတိပေးနှိုးဆော်ခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

တင့်ဖူးခိုင်(ပြန်/ဆက်)

**ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်းရုံးများ၊ စီမံကိန်းမန်နေဂျာရုံးများ၏ စီမံကိန်း လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဒီဇယ်ဆီ(ပရီမီယမ်) (၂၄,၅၀၀)ဂါလံ ဝယ်ယူရန် တင်ဒါအမှတ်၊ 71(T)/DPTSC(PTP)/2025-2026 (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၆-၁၁-၂၀၂၅) ရက် (၁၄:၀၀) နာရီအချိန် နောက်ဆုံး ထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ အင်းဝ(၃)လမ်း၊ အမှတ်(၁၇၂)၊ ဒေါ်အမာနီအမည်ပေါက် ပါမစ်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)အနက်မှ မြေကွက်အမှတ်-၁၇၃နှင့် ကပ်လျှက်ဘက်(ပါမစ်မူရင်းခြမ်း) မြေအကျယ်ပေ(၂၀x၆၀)ရှိ မြေနှင့်ရေ/မီးပါရှိသည့်နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ကျင်ထွေး (၁၄/မအပ(နိုင်)၀၇၉၉၀၀)သည် အမည်ပေါက်ထံမှတစ်ဆင့်၊ အဆင့်ဆင့်သော အရောင်းအဝယ်စာချုပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ပါကြောင်း၊ ပါမစ်မူရင်းနှင့်အရောင်းအဝယ်ပြုခဲ့ပြီးသည့် အဆင့်ဆင့်အရောင်းအဝယ်စာချုပ်တို့သည် စစ်မှန်သည်ကို (အလုံးစုံ)တာဝန်ယူပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်း တစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသကို ဦးအောင်ကျော်စိုး(၁၂/ဥကမ(နိုင်)၀၆၀၀၃၄)မှ ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ(၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်စိုး၏ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြဌေး(H.G.P,LLB)**
**တရားလွှတ်တော်ရှေ့နေ-စဉ်-၆၆၀၅(၂၀-၇-၁၉၉၈)**
**ရုံး/အိမ်-အမှတ်(ဃ/၃၀၄)၊ပထမထပ်၊ခေမာသီလမ်း၊မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉ ၅၄၀ ၇၂၂၉။**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ (၇)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၁၁၄၁၊ ၁၁၄၃၊ ၁၁၄၅)၊ မြေဧရိယာ(၀.၁၆၅)ဧကရှိ မြေအား ဦးရင်စိန်၊ ဒေါ်ဌေးမြင့်၊ ဒေါ်တိုးကြည်၊ ဒေါ်မြသီတာ(ဒေါ်သန်းချစ်ကွယ်လွန်၏သားသမီးများ)မှ မြေငှားဂရန် အသစ်လျှောက်ထားလာမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ်နှင့် အမည် (CC/မြနန္ဒာ)၊ ဦးပိုင်အမှတ်(၁၂၉)၊ မြေဧရိယာ(၀.၀၈၃)ဧကရှိမြေကွက်သည် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဂရန်အမှုတွဲအမှတ်(၂၅၅/၂၀၂၃-၂၀၂၄)အရ ဒေါ်ဝင်းဝင်းမေသန်း (၁၂/ဗဟန(နိုင်)၀၃၂၈၄၉)မှ အမည်ပေါက်သောမြေကွက်ဖြစ်ပါသည်။ အထက်အဆိုပါဂရန်အမည်ပေါက်သူထံမှ ဦးသန့်အောင်ဇော်(၁၃/လလန(နိုင်)၀၀၈၃၉၃)မှ ပြင်ဦးလွင်မြို့ နယ် စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၈/၂၀၂၄)ဖြင့် ဝယ်ယူ၍လက်ရှိ လက်ရောက်နေထိုင်ပိုင်ဆိုင်လျက်ရှိသူဖြစ်ပြီး ၎င်း၌ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း ဝန်ခံကတိပြုသဖြင့် အဆိုပါပိုင်ဆိုင်ထားသော မြေကွက်နှင့်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးညီညီထွန်းက ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုသတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးညီညီထွန်း** | **ဦးထွန်းထွန်းဦး (LL.B , IP Law (WIPO)** |
| **၁၂/ကမရ(နိုင်)၀၀၂၇၉၄** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၅၇၀)** |
| **ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့** | **အမှတ်(အ-၁၅၈)၊ ငွေတော်ဝင်(၅)လမ်း၊** |
| | **ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့၊** |
| | **ဖုန်း-၀၉-၄၄၈၁၉၅၅၀၀** |

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၇၈ဃ/၇၀၂၆၂, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးထွန်း ၁၄/ဟသတ(နိုင်)၂၇၇၃၂၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃၉ဃ/၉၇၀၃၄, Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဦး ၁၄/သလခ(နိုင်) ၀၁၇၁၇၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသာမြို့သစ်၊ အမှတ်(၈)ရပ်ကွက်၊ မြေတိုင်းအမှတ်(၂၃)၊ မြေကွက်အမှတ်(၈၆၉၊ ၈၇၀၊ ၈၇၁၊ ၈၇၂၊ ၈၇၄၊ ၈၇၅၊ ၈၇၆၊ ၈၇၇)၊ မြေဧရိယာ (၀.၄၄၀)ဧကရှိ မြေအား ဒေါ်သိဂီဆွေမှ မြေငှားဂရန်အသစ်လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန်အသစ် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များ နှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ အောင်ဇေယျလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက် အမှတ် (၄)၊ မြေကွက်အမှတ် (၁၆၆/က)၊ (၂၀x၆၀)ပေအကျယ်ရှိ ဒေါ်သိန်းရှင် အမည်ပေါက်နှစ်(၆၀)မြေငှားဂရန် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ၁ ခန်းတည်း ၆ထပ်၊ တိုက်(၆)ခန်း အဆောက်အအုံရှိ စတုတ္ထထပ်(၅ - လွှာ)၊ (၁၈ x ၅၄)ပေအကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင် ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှဲ့လှဲ့ဝင်း(ဘ)ဦးမြင့်ကို (၁၂/သကတ(နိုင်)၁၇၂၁၆၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းနနီ (၁၂/ဥကတ(နိုင်)၂၂၁၀၉၅) ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိဖြိုးပိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၅၃၅၉၃)**
**တိုက်အမှတ်(၂၉)၊ ပထမထပ်(၇)လမ်း၊ (၃/ခ)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၈၉၁၁၈၇၅၄၁၊ ၀၉-၇၉၇၇၅၃၀၇၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 34W/43446, Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းလင်းမော် ၁၄/ပသန(နိုင်) ၁၉၇၉၄၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး**
**(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/35381, Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ကိုဦး၉/ပသက(နိုင်)၁၂၆၁၃၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့နယ်၊ နမ့်ဆီးကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၂၉၈ /နမ့်ဆီး အ.လ.က)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၆၇/ဃ)၊ ဧရိယာ (၀ဒသမ ၀၈၆) ဧကရှိ (၁၀)နှစ်ဂရန် အမှုတွဲအမှတ်(၃၄၉/၂၀၁၈)မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးခွန်အောင်သွင် ၇/ပတန(နိုင်)၀၀၀၀၅၂ထံမှ ဝယ်ယူ ရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက် အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေဘယ်လ်စံ(LL.B)** | **ဒေါ်နန်းမီမီထွေး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၀၈၆/၂၀၁၂)** | **(စဉ်-၁၅၃၁၉/၂၀၁၉)** |

**အမှတ်(၆၉-က)၊ မဟာဗန္ဓုလလမ်း၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊**
**တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၅၀၉၅၃၁၇၄၊ ၀၉-၆၈၈၄၈၆၁၃၃**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်နှင့်အမည် ၄၄/ရွှေတောင်၊ ဦးပိုင်အမှတ် ၅၊ ဧရိယာ(၀.၀၃၈)ဧကရှိ အိမ်နှင့်မြေသည် မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန (၁-က) စာရင်းတွင် ဦးအောင်မိုးကျော်၊ မတင်သန်းဝင်း၊ ဦးကျော်မင်းထွန်း၊ မောင်ဆန်းဝင်းတို့အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းတို့(၄)ဦးအနက်မှ ဦးဆန်းဝင်းသည် ကွယ်လွန်သွားခဲ့ပြီးနောက် ဦးဆန်းဝင်း၏ဝေစုကို ဇနီးဖြစ်သူ ဒေါ်ချောစုလှိုင်မှ အမွေဆက်ခံခွင့်ရှိပြီး၊ ဦးအောင်မိုးကျော်၊ ဒေါ်တင်သန်းဝင်း၊ ဦးကျော်မင်းထွန်းနှင့် ဒေါ်ချောစုလှိုင်တို့မှ မော်လမြိုင်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ "ကျမ်းကျိန်လွှာ"မှတ်ပုံတင်စာချုပ်အမှတ်-၃၅၄/၂၀၂၅ နှင့် "အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာချုပ်" မှတ်ပုံတင်စာချုပ်အမှတ် ၃၅၅/၂၀၂၅ အရ တရားဝင်အမွေဆက်ခံထားကြပါသည်။ ထို့နောက် ဦးအောင်မိုးကျော်ပါ (၄)ဦးတို့သည် ၎င်းတို့ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ထားသော အထက်ဖော်ပြပါအိမ်နှင့်မြေကို ဦးအောင်မိုးကျော်၊ ဒေါ်တင်သန်းဝင်းနှင့် ဒေါ်ချောစုလှိုင်တို့သည် မှတ်ပုံတင်စာချုပ်အမှတ် ၄၆၆/၂၀၂၅ အရ ဦးကျော်မင်းထွန်းအား အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးကျော်မင်းထွန်းသည် ၎င်းတရားဝင်ပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါအိမ်နှင့်မြေကွက်ကို ၎င်း၏ အမည်ဖြင့် အမည်ပြောင်းလဲပေး ရန်လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀) အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ . သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးကျော်မင်းထွန်းမှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် ဥပဒေ၊ နည်းဥပဒေ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန**
**မော်လမြိုင်မြို့**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာ(ကွန်ပျူတာသိပ္ပံ)သင်တန်းအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိမြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်တွင် စတင်၍ မဟာအင်ဂျင်နီယာ (ကွန်ပျူတာသိပ္ပံ) M.E.(Computer Science) ဘွဲ့သင်တန်းကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။

၂။ အထက်ပါမဟာဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး မဟာဘွဲ့အကြိုသင်တန်း(၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း(၁)နှစ်၊ စုစုပေါင်း(၂)နှစ်သင်တန်း ဖြစ်ပါသည်။ မဟာဘွဲ့အကြို သင်တန်း (Course Work) ဖြေဆိုအောင်မြင်သူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့ သုတေသနကျမ်းပြုသင်တန်းသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား လျှောက်ထားနိုင်ပါသည်။

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ B.E.(Hons.)ဘွဲ့ ရရှိထားသူများ၊

(ဂ) ကွန်ပျူတာတက္ကသိုလ်များမှ ပေးအပ်သော B.C.Tech. နှင့် B.C.Sc. ဘွဲ့များရရှိထားပြီး မဟာဘွဲ့ သင်တန်းတက်ရောက်ရန် အဆင့်မီသူများ၊

(ဃ) နည်းပညာတက္ကသိုလ်များမှ ပေးအပ်သော B.E.(Information Technology)၊ B.E.(Computer Engineering) နှင့် B.E. (Information Science & Technology) ဘွဲ့များရရှိပြီး မဟာဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူများ

(င) သင်တန်းသို့အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။

(စ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(ဆ) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်တို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံခြင်းနှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ် ရောင်စုံဓါတ်ပုံ (၃)ပုံ နှင့် ကွန်ပျူတာတက္ကသိုလ်များမှ ပေးအပ်သော B.C.Tech. နှင့် B.C.Sc. ဘွဲ့များရရှိထားပြီး မဟာဘွဲ့ သင်တန်း တက်ရောက်ရန် အဆင့်မီသူများ၊ နည်းပညာတက္ကသိုလ်များမှ ပေးအပ်သော B.E.(InformationTechnology)၊ B.E. (Computer Engineering) နှင့် B.E. (Information Science & Technology) ဘွဲ့များရရှိပြီး မဟာဘွဲ့ သင်တန်း တက်ရောက်ရန် အဆင့်မီသူများ၏ ထောက်ခံစာ (မူရင်းနှင့်မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် (၅-၁၁-၂၀၂၅)ရက်၊ (ဗုဒ္ဓဟူး)နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၁၃-၁၁-၂၀၂၅)ရက်၊ (ကြာသပတေး)နေ့ နောက်ဆုံးထား၍ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအားစိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့်ကတ်ပြားကို (၁၃-၁၁-၂၀၂၅) ရက်တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ အခြားကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်များမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသော ဝင်ခွင့်လျှောက်ထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်။

| စဉ် | နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|---|
| ၁။ | (၁၇-၁၁-၂၀၂၅) ရက်၊ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉:၀၀) မှ (၁၁:၀၀)ထိ |
| ၂။ | (၁၈-၁၁-၂၀၂၅)ရက်၊ (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉:၀၀) မှ (၁၁:၀၀)ထိ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသားစိစစ်ရေးကတ်ပြား၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြား(မူရင်း)ကို တစ်ပါတည်းယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၉-၁၁-၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၁-၂၀၂၅)ရက် (ကြာသပတေး)နေ့ မှစ၍ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်တွင် ပြုလုပ်မည်ဖြစ်ပါသည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို (၂၁-၁၁-၂၀၂၅)ရက်၊ (သောကြာ)နေ့တွင် ထုတ်ပြန် ကြေညာပေးမည်။ အသေးစိတ်အချက်အလက်များ စုံစမ်းလိုပါက တယ်လီဖုန်းအမှတ် ၀၉-၇၈၅၅၅၇၇၀၂၊ ၀၉-၇၈၅၅၅၇၇၀၆ နှင့် ၀၉-၇၈၅၅၅၇၇၀၉ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးကွန်ပျူတာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းသား/သူခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ကွန်ပျူတာပါရဂူဘွဲ့ Ph.D(IT) သင်တန်း အပတ်စဉ်(၁၂)သင်တန်းကို ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၄) ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းသည် အချိန်ပြည့်သင်တန်းဖြစ်ပြီး ပါရဂူဘွဲ့အကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂) နှစ်၊ စုစုပေါင်း (၃)နှစ် သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့အကြိုသင်တန်း ဖြေဆိုအောင်မြင်သူများကို သာလျှင် ပါရဂူသုတေသန ဆက်လက်လုပ်ဆောင်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ Ph.D(IT) လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်-

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ကွန်ပျူတာဘာသာရပ် (သို့မဟုတ်) အလားတူ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တခုခု ရရှိထားသူဖြစ်ရမည်။

(ဂ) ဝန်ထမ်းဖြစ်ပါက တစ်ဆက်တည်းလုပ်သက် (၂) နှစ်ရှိ၍ လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါကသက်ဆိုင်ရာဌာနနှင့် သက်ဆိုင်ရာဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(င) သင်တန်းအား အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများသည် Referee နှစ်ဦးထံမှ Letter of Recommendation တင်ပြနိုင်ရမည်။

၄။ Ph.D(IT) သင်တန်းသို့ တက်ခွင့်ရရန် အထက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် လျှောက်ထားသူများသည် အရည်အချင်း စစ်ဝင်ခွင့်စာမေးပွဲ (Entrance Exam) ကို ဝင်ရောက်ဖြေဆိုကြရမည်။

**ရေးဖြေစာမေးပွဲ**

| နေ့စွဲ | ဘာသာရပ် | အချိန် | ဖြေဆိုရမည့်ဌာန |
|---|---|---|---|
| ၁၇-၁၁-၂၀၂၅ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉:၀၀ နာရီမှ ၁၂:၀၀)နာရီ | မန္တလေးကွန်ပျူတာ တက္ကသိုလ် |
| | သက်ဆိုင်ရာ ဘာသာရပ် | နေ့လည်(၁:၀၀)နာရီမှ (၄:၀၀)နာရီ | |

၅။ (၂၀-၁၁-၂၀၂၅) ရက်၊ (ကြာသပတေးနေ့)၌ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၆။ ပါရဂူဘွဲ့အကြိုသင်တန်းများကို (၂၄-၁၁-၂၀၂၅) ရက် (တနင်္လာနေ့)တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၇။ IT ပညာရပ်နယ်ပယ်တွင် လုပ်သက်အတွေ့အကြုံ (၁၅)နှစ်နှင့် အထက်ရှိပြီး IT ဘာသာရပ်တွင် မဟာဘွဲ့တစ်ခုခု ရရှိသူများသည် Ph.D (IT) (Research Only ) သင်တန်းအတွက် အရည်အချင်းစစ်ဝင်ခွင့် စာမေးပွဲ (Entrance Exam) ဖြေစရာမလိုပဲ သီးခြားလျှောက်ထားနိုင်ပါသည်။ (၂၀-၁၁-၂၀၂၅) ရက် (ကြာသပတေးနေ့) ၌ မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် လူတွေ့ဖြေဆိုကြရမည်ဖြစ်သည်။

၈။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် ရယူပြီး (၁၃-၁၁-၂၀၂၅) ရက်၊ (ကြာသပတေးနေ့) နောက်ဆုံးထား၍ လျှောက်ထားရမည်။

၉။ အခြားသိရှိလိုပါက မန္တလေးကွန်ပျူတာတက္ကသိုလ် ဖုန်းနံပါတ်-၀၉-၇၅၂၃၀၂၁၁၅သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးကွန်ပျူတာတက္ကသိုလ်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၄

၁။ ဦးကျော်ရဲလွင် နှင့် ဒေါ်ဝ
၂။ ဒေါ်သီသီထွန်း
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၄၇)နေ ဒေါ်ဝ(ဘ) ဦးညာဏ် DJ-016022 (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးကျော်ရဲလွင်နှင့် ဒေါ်သီသီထွန်းတို့က "မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (ဗ-၂)၊ ဦးပိုင်အမှတ်(၉၂)၊ ဧရိယာ(၀.၀၃၁)ဧက အကျယ်အဝန်းရှိ ဒေါ်ဝ အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု' လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ(၆)ရက်(၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၂ ရက်) မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၃)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး၊**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ကျောက်ဆည်မြို့၊ တောင်နံ့သာမြို့ပြကွက်သစ်နေ ဦးဇော်ဇော် (ဘ) ဦးခင်မောင်သန်း ၉/ကဆန(နိုင်)၁၂၉၆၉၁ နှင့် ဒေါ်ပန်းအိဖြူ (ဘ)ဦးစိန်ခင် ၉/စကတ(နိုင်)၀၈၄၇၄၆တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲ ကတိစာချုပ်ဖြင့် ၂၃-၉-၂၀၂၅ ရက်တွင် ပြတ်စဲခဲ့ပြီး ဖြစ်ပါကြောင်း နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သည့်ကိစ္စရပ်တွင်မဆို ဝင်ရောက်စွက်ဖက်ခြင်းနှောင့်ယှက်ခြင်း လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ပန်းအိဖြူ ၉/စကတ(နိုင်)၀၈၄၇၄၆**

## ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်နေ (ဘ)ဦးဝင်းမြင့်၏သား မောင်တင်ထွန်းအောင်(၁၃/တကန(နိုင်)၁၉၈၆၄၀)၏ နိုင်ငံကူးလက်မှတ်အမှတ် (MH-512231) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၂၁၀၉၇၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကျိုင်းတောင်းမြို့၊ အ.မ.က-မူလွန်(ကွန်မုံ)မှ လက်ထောက်မူလတန်းပြ ဒေါ်သူဇာထွေး (၁၃/ကတတ(နိုင်)၀၀၁၃၀၁)၏ ဖခင် ဦးဆန်းအောင်(ခ) ဦးစန်းအောင် (၁၃/မနန(နိုင်)၀၂၁၄၃၄)မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟိုပုံးမြို့နယ်၊ အ.ထ.က (၁)ကျောင်းမှ အလယ်တန်းပြ ဒေါ်နန်းလှသန်းအေးနှင့် ဒေါ်လှသန်းအေးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စကုမြို့နယ်၊ လက်ခုပ်ပင်ကျေးရွာ အလယ်တန်းကျောင်းမှ Grade - 5 သင်ဆဲ မောင်ဘုန်းသန့်နော်၏ဖခင် ဦးသန့်စင်ထွန်း အမည်မှန်မှာ ဦးသန့်ဇင်ထွန်း ၈/မဘန(နိုင်)၁၀၂၂၈၄ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ထွန်း**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ အဘိုးဦးငယ်လေး အဘွားဒေါ်မြင့်မြင့်သိန်း၊ အဖေဦးသန်းထွန်း-အမေဒေါ်ဇင်မာခိုင်တို့၏ သားဖြစ်သူ မောင်ပိုင်မြတ်သူ ၁၂/ဒဂမ(နိုင်)၀၅၁၇၅၈ သည် မိဘဘိုးဘွားတို့၏ ဆိုဆုံးမစကားကို မနာခံဘဲနေအိမ်မှ ထွက်သွားပါသဖြင့် ၎င်းနှင့်ပတ်သက်၍ နောက်နောင်ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသန်းထွန်း ၈/စလန(နိုင်)၀၈၅၉၈၁**
**ဒေါ်ဇင်မာခိုင် ၁၄/ဖပန(နိုင်)၁၆၀၅၂၀**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.ထ.က (ခွဲ)မိချောင်းဂေါင်းမှ ကျောင်းအုပ်ဆရာကြီး ဦးသက်ခိုင် ၁၄/ကပန(နိုင်)၁၅၅၁၈၂၏ဖခင် ဦးအောင်ဘန်းနှင့် ဦးအောင်သန်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ဘန်း(ခ) ဦးအောင်သန်း**

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.ထ.က (ခွဲ) မိချောင်းဂေါင်းမှ လက်ထောက်မူလတန်းပြ ဆရာမ ဒေါ်သီရိဝေ ၁၄/ကကထ(နိုင်)၂၀၀၇၂၃ ၏ ဖခင် စောအယ်တောနှင့် ဦးစောအယ်တောမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း

ကန်ကြီးထောင့်မြို့နယ်၊ အ.မ.က (လွန်)ဖျံကြီးမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်နေနွယ်အောင် ၁၄/ပပတ(နိုင်)၁၅၈၄၅၂ ၏ ဖခင် ဦးမောင်ကိုနှင့် ဦးမောင်ကိုကိုမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမောင်ကို(ခ)ဦးမောင်ကိုကို**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၊ မြေကွက်အမှတ်- ၆၇၅၊ အကျယ် (၂၅ ပေx ၅၀ ပေ)၊ ရှိ ဦးတိုင်းထွဋ်ခေါင် အမည်ပေါက်နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူ လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးဇော်လွင် (၁၂/ဆကခ(နိုင်)၀၀၁၉၆၅) အမှတ်(၂၃၆)၊ ဗဟိုလမ်း၊ ဆိပ်ကြီးအရှေ့ရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ နေသူထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထွန်းထွန်းက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ(၇) ရက်အတွင်း ခိုင်လုံသည့် ပိုင်ဆိုင်မှု အထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ပြည့် မြောက်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်ကျော် ( LL.B) (အထက်တန်းရှေ့နေ၊ စဉ်- ၃၀၉၁၃)**
**အမှတ်-၃၈၊ ဘုရင့်နောင်လမ်း၊ ဆေးစက် ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဖုန်း-၀၉- ၇၉၁၉၇၄၂၀၄၊ ၀၉-၂၅၄၈၇၀၁၉၄**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 4L/6589, Mitsubishi Canter ယာဉ်လက်ဝယ်ရှိသူ ဦးခွန်မောင်ဟန်(၁၃/ပလန(နိုင်) ၀၃၇၄၂၅) က ယာဉ်မှတ်ပုံတင် စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**အောင်ပန်း**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 5K/7960, Daihatsu Hijet ယာဉ်လက်ဝယ်ရှိသူ ဦးစိုးတင့် (၁၃/လလန(နိုင်)၀၇၀၇၂၁) က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တောင်ကြီး**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅စဃ/၁၄၇၇၆ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကေခိုင်ခိုင်ဦး ၁၀/မလမ(နိုင်)၂၇၉၄၂၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ဃ/၃၅၉၈၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝင်း ၁၀/မလမ(နိုင်)၁၈၅၆၉၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါရှိပြီး ရက်ပေါင်း(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ ကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## မဟာအင်ဂျင်နီယာသင်တန်းများအတွက် သင်တန်းသားခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်တွင် စတင်၍ အောက်ဖော်ပြပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့် သတင်းအချက်အလက်နည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) နျူကလီးယားအင်ဂျင်နီယာ
(ဈ) ဗိသုကာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါမဟာဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး မဟာဘွဲ့အကြို သင်တန်း (၁) နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၁)နှစ် စုစုပေါင်း (၂)နှစ်သင်တန်းဖြစ်ပါသည်။ မဟာဘွဲ့အကြိုသင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်း ပြည့်မီသူများကိုသာ မဟာဘွဲ့ သုတေသနကျမ်းပြုသင်တန်း သို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများအား ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဝင်ရောက် ဖြေဆိုခွင့်ပြုမည်ဖြစ်သည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် အင်ဂျင်နီယာ/ဗိသုကာဘွဲ့၊ ဇီဝနည်းပညာဘွဲ့ ရရှိပြီး မဟာ(အင်ဂျင်နီယာ/ဗိသုကာ) ဘွဲ့၊ (ဇီဝနည်းပညာ) မဟာသိပ္ပံဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများ ဖြစ်ရမည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။
(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက် ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိ ကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်တို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့်သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက် ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများသို့ တက်ရောက်ရန် အဆင့်မီသူများဖြစ်ကြောင်း အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြရမည်။

၅။ ဝင်ခွင့်စာမေးပွဲဖြေဆိုခွင့်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ်တွင် (၅-၁၁-၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့မှ စတင်ထုတ်ပေးမည်ဖြစ်ပြီး (၁၃-၁၁-၂၀၂၅)ရက်(ကြာသပတေး)နေ့ နောက်ဆုံးထား၍ မန္တလေးနည်းပညာတက္ကသိုလ်သို့ ပေးပို့လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို (၁၃-၁၁-၂၀၂၅) ရက်(ကြာသပတေး)နေ့တွင် စတင်ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၇-၁၁-၂၀၂၅ (တနင်္လာနေ့) | အင်္ဂလိပ်စာ | နံနက်(၉)နာရီမှ (၁၂)နာရီထိ |
| ၁၈-၁၁-၂၀၂၅ (အင်္ဂါနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉)နာရီမှ (၁၂)နာရီထိ |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့် စာမေးပွဲဖြေဆိုခွင့် ကတ်ပြားများကို တစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို (၁၉-၁၁-၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့စစ်ဆေးခြင်းကို (၂၀-၁၁-၂၀၂၅)ရက်(ကြာသပတေး)နေ့မှစ၍ မန္တလေးနည်းပညာတက္ကသိုလ်၌ ပြုလုပ်မည်ဖြစ်သည်။ မဟာဘွဲ့သင်တန်း တက်ရောက်ခွင့်ရရှိသူများ၏ အမည်စာရင်းကို (၂၁-၁၁-၂၀၂၅)ရက် (သောကြာ)နေ့တွင် ထုတ်ပြန်ကြေညာပေးမည်ဖြစ်သည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်၊ ဖုန်းနံပါတ် ၀၉-၂၀၁၆၅၀၉ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**သင်တန်းရေးရာဌာန**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## ပါရဂူဘွဲ့သင်တန်းများအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရှိ မန္တလေးနည်းပညာတက္ကသိုလ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ(၂၄) ရက်တွင် စတင်၍ အောက်ဖော်ပြပါ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်-

(က) မြို့ပြအင်ဂျင်နီယာ(အဆောက်အအုံ/ရေအရင်းအမြစ်)
(ခ) စက်မှုအင်ဂျင်နီယာ
(ဂ) အီလက်ထရောနစ်အင်ဂျင်နီယာ
(ဃ) လျှပ်စစ်စွမ်းအားအင်ဂျင်နီယာ
(င) ကွန်ပျူတာအင်ဂျင်နီယာနှင့်သတင်းအချက်အလက်နည်းပညာ
(စ) မက္ကာထရောနစ်အင်ဂျင်နီယာ
(ဆ) ဓာတုအင်ဂျင်နီယာ
(ဇ) နျူကလီးယားအင်ဂျင်နီယာ
(ဈ) ဗိသုကာ
(ည) ဇီဝနည်းပညာ

၂။ အထက်ပါ ပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း(Course Work) (၁)နှစ်နှင့် သုတေသနကျမ်းပြုသင်တန်း (၂)နှစ် အနည်းဆုံး(၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့သင်တန်း(Course Work) စာမေးပွဲကို သတ်မှတ်အရည်အချင်းဖြင့် ဖြေဆိုအောင်မြင်ပြီးသူများကိုသာ ပါရဂူဘွဲ့ သုတေသနကျမ်းပြု သင်တန်းသို့ ဆက်လက်တက်ရောက်ခွင့်ပြုမည် ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများအနက် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကိုတင်ပြရမည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။ (နိုင်ငံသားစိစစ်ရေး ကတ်ပြား မူရင်း/ မိတ္တူများတင်ပြနိုင်ရမည်)။
(ခ) (အင်ဂျင်နီယာ/ဗိသုကာ) မဟာဘွဲ့ M.E/M.Arch၊ (ဇီဝနည်းပညာ) မဟာသိပ္ပံဘွဲ့ (M.S.Bio-T) (သို့မဟုတ်) အသိအမှတ်ပြုထားသော တက္ကသိုလ် တစ်ခုခုမှ ရရှိထားသူဖြစ်ရမည်။
(ဂ) ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့တွင် အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ပြီး သင်တန်းစည်းကမ်းချက်များကို လိုက်နာနိုင်သူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။
(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်း လုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိ တာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏ နေရာအတွက် လုပ်ငန်းတာဝန် ထိခိုက်မှုမရှိ ကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်တို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့်သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ မဟာဘွဲ့လက်မှတ် (မူရင်းနှင့် မိတ္တူ) တို့ကို ပူးတွဲတင်ပြရမည်။

၅။ သတ်မှတ်လျှောက်လွှာများကို မန္တလေးနည်းပညာတက္ကသိုလ် (၅-၁၁-၂၀၂၅)ရက် (ဗုဒ္ဓဟူး)နေ့မှ စတင်ရယူနိုင်ပြီး ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့်အတူ (၁၃-၁၁-၂၀၂၅)ရက်(ကြာသပတေး)နေ့ နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များအား စိစစ်ပြီး မှန်ကန်ပါက စာမေးပွဲဖြေဆိုခွင့် ကတ်ပြားကို (၁၃-၁၁-၂၀၂၅) ရက်(ကြာသပတေး)နေ့တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်သည်-

